ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့၊ (20-1-2004) (၄၁၂၁)

ပုဗ္ဗေ စ ကတပုညတာ
တေံ မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်
စောင်ရေ
၁၉၆၀၁၄



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)အဖွဲ့ဥက္ကဋ္ဌ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)အဖွဲ့ ကြိုဆိုထောက်ခံ မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)အဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးဖုန်ကြာဖူးနှင့် အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)အဖွဲ့ ဥက္ကဋ္ဌ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၀-၁-၂၀၀၄
(အင်္ဂါနေ့)

နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းကြီးများ ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် ကဏ္ဍအသီးသီးတွင် အောင်မြင်မှုများရရှိပြီး ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၌လည်း ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရသည်။

ပြည်နယ်နှင့်တိုင်း ဒေသများ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် ချင်းပြည်နယ် နာဂဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံတော်က နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား အကောင်အထည်ဖော်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်းများလည်းပါဝင်သည်။

လမ်းပန်းဆက်သွယ်ရေးတွင် နာဂဒေသကို ပြည်မနှင့် ဆက်သွယ်သွားလာရာ၌ အဓိကကျသည့် သဂ္ဂယ်ကျင်း-ဟုမ္မလင်း-ခန္တီး လမ်းမကြီးကို ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးဖြစ်အောင် လမ်း၊ တံတားများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်မွမ်းမံပြင်ဆင်ပေးခဲ့သည်။

ထို့အတူ ချင်းတွင်းမြစ်ကြောင်းအတွင်း ရေယာဉ်များ ပြေးဆွဲပေးခြင်း၊ လေယာဉ်ကွင်းများကို ပြုပြင်တိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နာဂဒေသကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ရန်အတွက် ၅၂ မိုင်ရှည် ခန္တီး(ဆင်သေ)-လဟယ်လမ်း၊ ၄၁ မိုင်ရှည် ထမံသီ-လေရှီးလမ်းကိုလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တိုးချဲ့ပြုပြင် ဖောက်လုပ်လျက်ရှိသည်။

ဆက်လက်၍ ၅၃ မိုင်ရှည် လဟယ်-ကြူယမ်းလမ်း၊ ၇၈ မိုင်ရှည် လဟယ်-ယမ်းကြုံးလမ်း၊ ၄၈ မိုင်ရှည် လဟယ်-ပုံညိုလမ်း၊ ၃၂ မိုင်ရှည် လောင်ဝေါက်-ကျွန်းခေါင်လမ်း၊ ၂၈ မိုင်ရှည် အရိုကြိမ်-ထန်ပါခွေလမ်း၊ ရှစ်မိုင်ရှည် ရောင်ကွန်-ကျားဝမ်လမ်း၊ ၃၉ မိုင်ရှည် လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းစသည့် တိုးချဲ့လမ်း ခုနစ်လမ်း စုစုပေါင်း ၂၈၆ မိုင် ဖောက်လုပ်ရန် လျာထားသည့်အနက် ယနေ့အထိ မိုင် ၁၆၀ ကျော် ဖောက်လုပ်ပြီးဖြစ်သည်။

နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လမ်း၊တံတား၊ ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ ဆက်သွယ်ရေး၊ အိမ်ရာဆောက်လုပ်ရေး၊ သာသနာရေးနှင့် အခြားထောက်ပံ့မှုလုပ်ငန်းများအတွက် စုစုပေါင်း ကျပ် ၃၂၃၈ သိန်းကျော် အကုန်အကျခံ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယနေ့အချိန်အခါတွင် နာဂဒေသသည် ဆက်သွယ်သွားလာရေး တိုးတက်ကောင်းမွန်လာပြီး မျိုးနွယ်စုအချင်းချင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အသိအမြင် ဗဟုသုတများ ဖလှယ်နိုင်ကြပြီဖြစ်သည်။

နာဂဒေသရှိ နာဂတိုင်းရင်းသားအများစုသည် ခန္တီး၊ နန်းယွန်း၊ လဟယ်နှင့် လေရှီးဒေသတို့တွင် နေထိုင်လျက်ရှိကြပြီး ယခင်က နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နယ်မြေဒေသအလိုက်၊ လူမျိုးနွယ်စုအလိုက် ပွဲတော်များ ကျင်းပခဲ့ကြသော်လည်း ၁၉၈၉ ခုနှစ်မှစ၍ နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် နာဂရိုးရာယဉ်ကျေးမှုကော်မတီကို ဖွဲ့စည်းပြီး ၁၉၉၂ ခုနှစ်မှစတင်ကာ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂဒေသအသီးသီးမှ ကိုယ်စားလှယ်များစုဝေး၍ ကျင်းပခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ ၁၅ ရက်က စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့ ရိုးရာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်အားပေးပြီး နာဂ တိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု အထောက်အကူပြုနိုင်ရန်အတွက် နာဂတိုင်းရင်းသားများက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် မိမိတို့ ယဉ်ကျေးမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကိုလည်း တက်တက်ကြွကြွပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှုနှင့်အညီ ဖြစ်ထွန်းလာသည့် နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ ဒေသခံများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❁ ရှေ့ဖုံးမှ

ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

မူးယစ်ဆေးဝါးပပျောက်ရေး

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားထိုးသီးနှံစိုက်ပျိုးရေးကိုလည်း အစိုးရလမ်းညွှန်မှုဖြင့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ လမ်း၊တံတားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန်နှင့် ပြည်တွင်းအခွန်လုပ်ငန်းများတွေ့ဆုံမှာကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ တင်ပြချက်များ မှာကြားစဉ်။

(ဘဏ္ဍာ/အခွန်)

ရန်ကုန် ဇန်နဝါရီ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် အကောက်ခွန်ဦးစီးဌာနသို့ သွားရောက်၍ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများအားတွေ့ဆုံကာ လုပ်ငန်းဆိုင်ရာ တင်ပြချက်များကို မှာကြားသည်။

ရှေးဦးစွာ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လုပ်ငန်းလျာထားချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် ဝန်ကြီးသည် ဒုတိယဝန်ကြီး လိုက်ပါလျက် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ သွားရောက်၍ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဘဏ္ဍာရေးနှစ်လျာထားချက်နှင့် လက်ရှိကောက်ခံရရှိမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ပုသိမ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့် အထက်အသင်းဝင်များ ပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဧရာဝတီတိုင်းဓမ္မာရုံ (၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံမည့် အသင်းဝင်များနှင့် ၂၀၀၂-၂၀၀၃ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများစာရင်းကို ဇန်နဝါရီ၃၁ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌဦးသန်းထွန်း ဖုန်း-၀၉-၅၀-၀၂၉၂၅၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃နှင့် ပုသိမ်အသင်း အမှတ်(၂၀၂-၂၁၄) ဗိုလ်ဆွန်ပက်လမ်း ဖုန်း-၃၇၉၂၅၈တို့သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၄ (အင်္ဂါနေ့)

၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ Milo Success in Soccer.
၇:၁၀ ၁၃။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း-၂)
၇:၂၅ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
၇:၄၀ ၁၅။ ယှဉ်ပြိုင်ကာနွဲ့အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၁၆)**
၂၀။ Calcio Serie A Highlight.
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကျဆုံးသည့်ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်နေခြင်းကြောင့် အမေရိကန်တပ်ဖွဲ့သည် ၎င်း၏ နည်းဗျူဟာများကို ပြောင်းလဲနိုင်ရန် လုပ်ဆောင်ခဲ့ရသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့အား ခုခံတိုက်ခိုက်မည့်သူများအဖြစ် သင်္ကာမကင်းခံရသူများကို စီးနင်းဖမ်းဆီးသည့် စစ်ဆင်ရေးလုပ်ငန်းများအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပြုမူဆက်ဆံပုံ ကြမ်းတမ်းခြင်းကြောင့် ပြည်သူများအတွင်း အမေရိကန်မုန်းတီးရေးစိတ်ဓာတ် ပိုမိုဖြစ်ပေါ်လာကာ လက်စားချေခုခံတိုက်ခိုက်မှုများ ပိုမိုပေါ်ပေါက်လာခဲ့သည်။

အမေရိကန်သည် ကုလသမဂ္ဂ၏ ခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ မှားယွင်းသည့် ဆင်ခြေဆင်လက်များဖြင့် အီရတ်နိုင်ငံကို သိမ်းပိုက်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့သည် အီရတ်လူမျိုး အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို မဆင်မခြင် ပစ်ခတ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့သည် မိမိတို့နိုင်ငံအား ကျူးကျော်ဝင်ရောက်လာခဲ့သည်ဟူ၍ အီရတ်ပြည်သူလူထုက အမေရိကန်တပ်ဖွဲ့အပေါ် ရှုမြင်လျက်ရှိကြသည်။

အီရတ်ပြည်သူများ အမေရိကန်တပ်ဖွဲ့ကို မုန်းတီး ခုခံတိုက်ခိုက်မှုများ ပေါ်ပေါက်

လမ်းဘေး ဗုံးပေါက်ကွဲ

ဇန်နဝါရီ ၁၇ ရက်က အီရတ်နိုင်ငံ တာဂျီမြို့အနီးတွင် အမေရိကန် မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားသည့် လမ်းဘေး ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ပေါက်ကွဲရာနေရာ၌ မြေတွင်းကြီးဖြစ်ပေါ် ကျန်ရစ်ခဲ့သည်ကိုတွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ အီရတ်လူမျိုး တစ်ဦး

မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ ဌာနချုပ်ရုံးအနီးတွင် ဇန်နဝါရီ ၁၈ ရက်က ဗုံးပေါက်ကွဲခဲ့ရာ ဒဏ်ရာရရှိသူ အီရတ်လူမျိုး တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ဇန်နဝါရီ ၁၈ ရက်က အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့၏ ဌာနချုပ်ဂိတ်ပေါက်ဝတွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီး မီးလောင်ကျွမ်းလျက်ရှိသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာ ဆာမဝါမြို့တွင် ဗုံးပေါက်ကွဲ၍ ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror | အီရတ်မြင်ကွင်း

အမေရိကန်တပ်ဖွဲ့၏ ဌာနချုပ်ကို တိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့၏ ဌာနချုပ်ရုံးကို ဦးတည်တိုက်ခိုက်သော ဗုံးဖောက်ခွဲမှုသည် ဆက်ဒမ်ဟူစိန်ကို အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးရမိပြီးနောက်ပိုင်း လူသေဆုံးမှုအများဆုံးသော တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

(လူ ၂၀ ထက် မနည်းသေဆုံးခဲ့ရသော ယင်းတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အနာဂတ်အရေး အမေရိကန်၏အစီအစဉ် အီရတ် နိုင်ငံရေးပါတီများ ပြစ်တင်ရှုတ်ချ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

နေ့စဉ်ကြုံတွေ့ရသည့် လူမှုရေး ပြဿနာများက အီရတ်ပြည်သူအများအပြားကို ဒုက္ခပေးနေသည်။ နိုင်ငံရေးပါတီများကလည်း အီရတ်၏အနာဂတ်ရေးနှင့် ပတ်သက်သည့် အမေရိကန်တို့၏ အစီအစဉ်များကို ပြစ်တင်ရှုတ်ချလျက်ရှိသည်။

လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း အီရတ်ပြည်သူလူထု တိုက်ရိုက် မဲပေးရွေးချယ်တင်မြှောက်ခြင်းမရှိဘဲ အစိုးရဖွဲ့စည်း ထူထောင်ရေး အမေရိကန်၏ အစီအစဉ်များကို ဆန့်ကျင် ကန့်ကွက်မည့် အီရတ် ခေါင်းဆောင်များ၏ ခြိမ်းခြောက် သတင်းများ သတင်းစာများ၏ စာမျက်နှာတွင် ပြည့်နှက်နေသည်။

ရင်ဆိုင်ကြုံတွေ့ရ

အီရတ်နိုင်ငံ၏ မထင်ပေါ်သော ပါတီများကလည်း နိုင်ငံခြားတပ်များ သိမ်းပိုက်ခံရပြီးနောက် ရင်ဆိုင်ကြုံတွေ့ရသော အရေးကြီးသည့် ယင်းပြဿနာအပေါ် ၎င်းတို့၏ သဘောထားအမြင်ကို ထုတ်ဖော်ရန် စိတ်ဝင်စားကြသည်။

အီရတ်ပြည်သူများသည် ၎င်းတို့နိုင်ငံကို ပြည်ပတပ်များ သိမ်းပိုက်ထားစဉ် ရွေးကောက်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ အမြင်အမျိုးမျိုး ရှိနေကြသည်။

မိတ်ဆက်ခွင့်ရ

အီရတ်အလုပ်သမား ကွန်မြူနစ်ပါတီမှ အလာဆာလီက ၎င်း၏ သဘောထားကို ပြောကြားရာ၌ လွတ်မြောက်ရေး ဆိုသည်မှာ လူတိုင်းကြိုက်သည့် တောင်းဆိုချက်ဖြစ်ကြောင်း၊ ဒီမိုကရေစီမှာ အီရတ်အတွက်အရေးကြီးကြောင်း၊ သို့သော် ယင်းမှာ အချိန်ကိုက်အခါကိုက်ဖြစ်သင့်ကြောင်း၊ အီရတ်တွင် လောလောဆယ် ရွေးကောက်ပွဲကျင်းပရန်သင့်လျော်သည့် ကာလဟု မိမိတို့ မထင်ကြောင်း၊ အသွင် ကူးပြောင်းရေး ကာလတစ်ရပ် ရှိသင့်ကြောင်း၊ အီရတ်အုပ်ချုပ်ရေး ကောင်စီသည် ရွေးကောက်ပွဲကို နှောင့်ယှက်ရန် ကြိုးပမ်းနေကြောင်း၊ အုပ်ချုပ်ရေး ကောင်စီဝင်များသည် ပြည်သူများနှင့် ကင်းကွာလျက်ရှိကြောင်း၊ အီရတ် အုပ်ချုပ်ရေးကောင်စီသည် အမေရိကန် ဝါဒဖြန့်ချိရေး လက်နက်တစ်ခုဟူ၍ မိမိထင်မြင်ကြောင်း၊ အီရတ်တွင် အမေရိကန်တို့၏ ရည်မှန်းချက်မှာ ဒီမိုကရေစီ ထူထောင်ရန်မဟုတ်ကြောင်း၊ သူတို့၏ တကယ့်ရည်မှန်းချက်မှာ တစ်ကမ္ဘာလုံး စိုးမိုးထားရေးပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အီရတ်အုပ်ချုပ်ရေး ကောင်စီ အနိုင်ရရှိမည်မဟုတ်သည့်အတွက် အမေရိကန်တို့၏ မဟာမိတ် အီရတ် အုပ်ချုပ်ရေး ကောင်စီကို ရွေးကောက်ပွဲက ဖယ်ရှားသွားမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားလိုက်သည်။

အင်တာနက်။

ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွား

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များ၏ ဌာနချုပ် အဝင်ဂိတ်အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် စစ်ဆေးနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာစီးပွားရေးညီလာခံ ဒါကာမြို့တွင် စတင်ကျင်းပ

ဒါကာ ဇန်နဝါရီ ၁၈

နိုင်ငံတကာ ကုန်သွယ်ရေး ဆွေးနွေးပွဲ ပြန်လည်ကျင်းပနိုင်ရေး အတွက် ကမ္ဘာ့ ထိပ်တန်းကုန်သွယ်ရေး ခေါင်းဆောင်များနှင့် ထင်ရှားသည့် နိုင်ငံရေးသမားများ တက်ရောက်သည့် အဆင့်မြင့် နိုင်ငံတကာ စီးပွားရေး ညီလာခံကို ဒါကာမြို့တွင် စနေနေ့က စတင်ကျင်းပသည်။

ပြုလုပ်မည်

နှစ်ရက်ကြာ ကျင်းပသည့် အဆိုပါ ညီလာခံကို နိုင်ငံတကာ ကုန်သည်ကြီးများအသင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်-တရုတ် ချစ်ကြည်ရေး ညီလာခံဌာနတွင် ပြုလုပ်မည်ဖြစ်သည်။

တက်ရောက်မည်

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ် ခါလီဒါဇီယာသည် ညီလာခံဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ခေါင်းဆောင်များပါဝင်

အဆိုပါညီလာခံသို့ နိုင်ငံ ၃၀ ကျော်မှ ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။ ညီလာခံသို့ တက်ရောက်မည့် သူများထဲတွင် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်၊ ဥရောပသမဂ္ဂ ကုန်သွယ်ရေး မဟာမင်းကြီး ပါစကယ်လာမီ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆူပါချိုင်းပါနစ်မက်ဒီနှင့် ကမ္ဘာတစ်ဝန်းမှ ကုန်သွယ်ရေးဝန်ကြီးများနှင့် စီးပွားရေး ခေါင်းဆောင်များ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့တော် ကယ်ကွတ်တွင် ဗုံအားမြင့်ဓာတ်အားလိုင်း ဖောက်ခွဲခံရ၍ တစ်မြို့လုံးနီးပါးမှောင်ကျ

ကယ်ကွတ် (အီရတ်) ဇန်နဝါရီ ၁၇

ယခုအကြိမ် တိုက်ခိုက်မှုသည် ကယ်ကွတ်မြို့ရှိ လျှပ်စစ်ဓာတ်အားဖွဲ့စည်းမှု အဆောက်အအုံကို (၁၈)ကြိမ်မြောက် အတိုက်ခိုက်ခံရခြင်းပင်ဖြစ်သည်။

ဗို့အားမြင့်ဓာတ်အားလိုင်း ဖောက်ခွဲခံရပြီးနောက်ပိုင်းတွင် မြောက်ပိုင်းကယ်ကွတ်မြို့ တစ်ခုလုံးနီးပါးမှာ အမှောင်ကျသွားသည်ဟုဆိုသည်။

ထိုဖောက်ခွဲခံရမှုကြောင့် ဗို့အားမြင့်ပါဝါတိုင်ကြီးတစ်ခု ပျက်စီးသွားသည်။ ထိုဓာတ်တိုင်ကြီးမှာ ဘေဂျီမြို့နှင့် ကယ်ကွတ်မြို့အကြား သွယ်တန်းထားသော ဓာတ်အားလိုင်းတွင် တည်ရှိသည်။ အခင်းဖြစ်ပွားမှုကြောင့် ကယ်ကွတ်မြို့၏ ၈၀ ရာခိုင်နှုန်းမှာ ဓာတ်အားပြတ်တောက်သွားခဲ့ရကြောင်း ထိုမြို့၏ ဓာတ်အားဌာနအကြီးအကဲ ရာစီနီမိုဟာမက်က ပြောကြားသည်။

သောကြာနေ့က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုက အမေရိကန်တို့ အသိမ်းပိုက်ခံထားရသော အီရတ်နိုင်ငံသည် မည်မျှလုံခြုံမှုကင်းမဲ့နေသည်ကို ပြသလျက်ရှိသည်ဟုဆိုသည်။

မေလ ၁ ရက်နေ့က အမေရိကန်သမ္မတ ဂျော့ဂျ်၊ဘုရှ်က အီရတ်၌ တိုက်ပွဲများ ပြီးဆုံးသွားပြီဟု ကြေညာခဲ့ပြီးနောက်ပိုင်းတွင် ကယ်ကွတ်မြို့၏ ဓာတ်အားပေးရေးစနစ်ကို အတိုက်ခိုက်ခံရသည့် အကြိမ်ပေါင်းမှာ ယခုအကြိမ်ပါနှင့်ဆိုလျှင် (၁၈)ကြိမ်ရှိသွားပြီဖြစ်သည်။

ကတ်ကွတ်မြို့၏ တောင်ဘက် ၂၅ ကီလိုမီတာအကွာတွင်ရှိသော တာဇာမြို့ စစ်ဆေးရေးစခန်းတစ်ခုကို တိုက်ခိုက်ရေးသမားတစ်ဦးက တိုက်ခိုက်သောကြောင့် ထိုလူကို ပစ်သတ်ခဲ့ရကြောင်း ကယ်ကွတ်မြို့ ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ် ထွာဟန်ယူစွပ်က ပြောကြားသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၁၅ ရက်က အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်မြို့တွင် ရေနံပိုက်လိုင်းတစ်ခု ပေါက်ကွဲပြီးနောက် မီးခိုးလိပ်များတက်နေသည်ကိုတွေ့မြင်ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံသို့ ဒုတိယအသုတ်သွားမည့် ဘူဂေးရီးယား တပ်ဖွဲ့ဝင်များ ပထမအသုတ် တပ်ဖွဲ့ဝင်များထက် ပိုမိုအန္တရာယ်ရှိနိုင်ဟု ပြောဆို

ဆိုဖီယာ ဇန်နဝါရီ ၁၇

ဒုတိယအသုတ်အဖြစ် အီရတ်နိုင်ငံ ကာဘာလာမြို့သို့ သွားရောက်ကြမည့် ဘူဂေးရီးယား တပ်ဖွဲ့သည် ယခင်အသုတ်က တပ်ဖွဲ့ဝင်များထက် ပို၍ အန္တရာယ်ရှိ နေသည်ဟု ဗိုလ်ချုပ် ပါလ်မင်စတု ဒင်ကော့စ်က ဒေသဆိုင်ရာ ရေဒီယိုမှတစ်ဆင့် စနေနေ့က ပြောကြားသည်။ ၎င်းသည် ဘူဂေးရီးယား စစ်ဘက်ထောက်လှမ်းရေးဌာန၏ အကြီးအကဲဖြစ်သည်။

အီရတ်လူမျိုးများသည် ဘာသာရေး၊ လူမှုရေးနှင့်နိုင်ငံရေးအရ ထူးခြားသော နေ့ရက်များတွင် ပွဲတော်များ ကျင်းပလေ့ရှိသည်။ ထိုရက်များတွင် တိုက်ခိုက်မှုအသစ်များ ဖြစ်ပွားလာစရာရှိကြောင်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။

ပြီးခဲ့သောနှစ် ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သော တိုက်ခိုက်မှုသည် စနစ်တကျညှိနှိုင်း စီမံခဲ့သော တိုက်ခိုက်မှုပင်ဖြစ်သည်။ ကာဘာလာမြို့တွင် တိုက်ခိုက်မှုများ မဖြစ်ပွားမီက ဘူဂေးရီးယား ထောက်လှမ်းရေးသမားများနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ တိုက်ခိုက်မှုများ ဖြစ်ပွားလာနိုင်သည်ဟူသော သတင်းပေးမှုများရရှိခဲ့သည်ဟု ဆိုသည်။ ယခုအခါ အီရတ်တွင် ဘူဂေးရီးယား ထောက်လှမ်းရေးများ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

တိုက်ခိုက်ရေးအုပ်စုများနှင့် တစ်သီးပုဂ္ဂလ တိုက်ခိုက်သူများသည် ဘူဂေးရီးယားနိုင်ငံမှ စတင်ပြီး အနောက်ဥရောပနိုင်ငံများကို ဦးတည်သည့် တိုက်ခိုက်မှုများ ပြုလုပ်လာစရာရှိကြောင်း စတူဒင်ကော့စ်က မှတ်ချက်ပေးသွားသည်။

၂၀၀၄ ခုနှစ် အစပိုင်းတွင် ဆိုဖီယာမြို့တော်ရှိ သံရုံးအချို့ကို တိုက်ခိုက်လာစရာရှိကြောင်းလက္ခဏာများတွေ့ရှိခဲ့ရသည်ဟုဆိုသည်။ ***အင်တာနက်။***

အီရန်၏ပြည်တွင်းရေး၌ အမေရိကန်တို့ ဝင်စွက်ဖက်နေ အီရန်၏ အကျိုးစီးပွားအတွက် အမေရိကန်က စစ်မှန်စွာမပြောခဲ့

ပါရီ ဇန်နဝါရီ ၁၇

အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး ကောင်စီ ဥက္ကဋ္ဌဟာဆန်ရိုဟာနိက အမေရိကန်တို့သည် အီရန်၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်နေကြောင်း စွပ်စွဲ ပြောကြားခဲ့သည်ဟု သိရသည်။ ရိုဟာနီသည် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး ဒိုမိနစ်ဒီဗီလက်ပင်နှင့် ပါရီမြို့တွင် တွေ့ဆုံခဲ့ပြီးနောက် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အမေရိကန်တို့သည် အီရန်၏ အကျိုးစီးပွားအတွက် မည်သည့်အခါကမျှ စစ်မှန်စွာပြောဆိုခဲ့ဖူးခြင်း မရှိကြောင်း ရိုဟာနီက စွပ်စွဲခဲ့ရာ အီရန် ရွေးကောက်ပွဲများနှင့် ပတ်သက်ပြီး အမေရိကန် တို့၏ ရပ်တည်ချက်ကို ရည်ရွယ် ပြောကြားခြင်း ဖြစ်သည်။

ယင်း တွေ့ဆုံပွဲတွင် ပြင်သစ်နိုင်ငံ အနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပမည့် အီရန် ရွေးကောက်ပွဲ ရလဒ်များကို အနီးကပ် စောင့်ကြည့် လေ့လာလျက်ရှိကြောင်း ပြင်သစ်နိုင်ငံခြား ရေးဝန်ကြီးက ပြောကြားခဲ့သည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်ပြောက်ကျားတို့ အမေရိကန် ရဟတ်ယာဉ်များကို တိုက်ခိုက်ရာတွင် ခေတ်မီလက်နက်များနှင့် နည်းဗျူဟာများ အသုံးပြုလာ

နိုင်ငံတကာ သတင်းများ

နယူးယောက် ဇန်နဝါရီ ၁၇

အီရတ်ပြောက်ကျားများက အမေရိကန်လေယာဉ်များကို တိုက်ခိုက်ရာ၌ ပိုမိုခေတ်မီသော လက်နက်များနှင့် နည်းဗျူဟာများကို အသုံးပြုလာကြကြောင်း အီရတ်၌ ပစ်ချခံရသော ရဟတ်ယာဉ်များနှင့် ပတ်သက်၍ လေ့လာထားသည့် သက်ဆိုင်သူများသာ ဖတ်ခွင့်ရှိသော အမေရိကန်ကြည်းတပ် သုံးသပ်ချက်အရ သိရသည်။

အဆိုပါသုံးသပ်ချက်နှင့် အီရတ်နှင့် ပင်လယ်ကွေ့ရှိ ထိပ်တန်းအမေရိကန် ကြည်းတပ်အရာရှိများ၏ ပြောဆိုချက်ကို ကိုးကားလျက် ခုခံတွန်းလှန်ရေး ပြောက်ကျားများသည် တစ်ကြိမ်ထက် မနည်း ခေတ်မီဒုံးပျံများကို အသုံးပြုခဲ့သည်ဟု တနင်္ဂနွေနေ့ထုတ် နယူးယောက်တိုင်းမ် သတင်းစာတွင် ဖော်ပြထားသည်။

အသုံးပြု

ပြောက်ကျားများသည် ဒုံးပျံလောင်ချာများနှင့် အပူရှိန်နောက်ယောင်ခံ မြေပြင်မှ ဝေဟင်ပစ် ဒုံးပျံများကို အသုံးပြုသည်။

ကျွမ်းကျင်မှုလိုအပ်

အပူရှိန် နောက်ယောင်ခံ မြေပြင်မှ ဝေဟင်ပစ် ဒုံးပျံများကို အသုံးပြု တိုက်ခိုက်မှုတွင် ကျွမ်းကျင်မှု လိုအပ်ကြောင်းသိရသည်။ မကြာသေးမီလများအတွင်း အီရတ်နိုင်ငံ၌ ရဟတ်ယာဉ်များ ပစ်ချခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့ကြရသည်။

ထိုခေတ်မီလက်နက်များဖြင့်ပစ်ခတ်တိုက်ခိုက်လျှင် မည်သို့သော ရဟတ်ယာဉ် အမျိုးအစားမျှ လွတ်လမ်းမမြင်ကြောင်း လေ့လာတွေ့ရှိရသည်ဆို၏။

အကြံပြု

မြေပြင်မှ ပစ်ခတ်တိုက်ခိုက်မှုကို ရှောင်ရှားရန် လေယာဉ်မှူးများ အတွက် အထောက်အကူဖြစ်စေမည့် ပျံသန်းမှု အပြောင်းအလဲများကို အကြံပြုထားသော်လည်း အသေးစိတ် ရှင်းလင်းမပြထားပေ။

ပျံသန်းမှုအပြောင်းအလဲ

ယခင်က ကျင့်သုံးခဲ့သော ပျံသန်းမှု အပြောင်းအလဲများတွင် ရန်သူက မိမိအား မခန့်မှန်းနိုင်အောင် ညပိုင်းတွင် လေယာဉ်များကို မီးမှိတ်ပျံသန်းမှုများ ပါဝင်သည်။

မကြာမီသေးက အီရတ်တွင် အမေရိကန် ရဟတ်ယာဉ်များ ပျက်ကျပြီးနောက် ထိုသို့ဖြစ်ရခြင်းအပေါ် စိုးရိမ်ကာ သာမန် သုံးသပ်မှုသာမက ဒီဇင်ဘာလ တွင် ပစ်ချခံရမှုအားလုံးကို အသေးစိတ် လေ့လာရန် အီရတ်ရှိ ထိပ်တန်းတပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချက်က အမိန့်ပေးရသည် အထိ ဖြစ်လာသည်။

ပြောက်ကျားများသည် အနည်းဆုံး တစ်ကြိမ်မက ပခုံးပေါ်ထမ်းပစ်ရသော အက်စ်အေ-၁၆ ဒုံးပျံများဖြင့် ရဟတ်ယာဉ်ကိုပစ်ချခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အဆိုပါ ဒုံးပျံ သည် အခြားသော ပစ်ခတ်တိုက်ခိုက်မှုများတွင် အထူးအသုံးပြုသည့် ဒုံးပစ်လောင်ချာများ၊ အက်စ်အေ-၇ ဒုံးပျံများထက် ပိုမိုအစွမ်းထက်သည်။

လေ့လာစစ်ဆေး

လေ့လာသုံးသပ်ရေးအဖွဲ့ကို အမေရိကန် ပြည်ထောင်စု အယ်လာဘားမား ပြည်နယ် ဖို့ဒ်ရပ်ကားရှိ ကြည်းတပ် လေယာဉ်မောင်းသင်ဌာနမှ တပ်မှူး ဗိုလ်မှူးကြီး စတီဗင်က ဦးဆောင်ပြီး မှုခင်းဆေးပညာရှင်များ၊ လက်နက်ပါရဂူများ၊ လေယာဉ်ပျက်ကျမှု ဆန်းစစ်သူများ၊ ရဟတ်ယာဉ်ဆိုင်ရာ ကျွမ်းကျင်သူများ စသည့် အဖွဲ့ဝင် တစ်ဒါဇင်ခန့်ပါဝင်သောအဖွဲ့ရဟတ်ယာဉ်များ ပျက်ကျရာ နေရာအားလုံးသို့ ရက်သတ္တလေးပတ်မျှ ကွင်းဆင်း လေ့လာစစ်ဆေးကြသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့ရသော နေအိမ်အပျက်အစီးများအကြား ရှာဖွေနေသည့် အီရတ်လူငယ်တစ်ဦးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကျည်ဆန်မပါ သေနတ်ကိုင် ဗြိတိန်တပ်ဖွဲ့ဝင်အချို့ အီရတ် စစ်မြေပြင်သို့ အထူးတာဝန်ဖြင့် စေလွှတ်

လန်ဒန် ဇန်နဝါရီ ၁၇

ဗြိတိန်နိုင်ငံ နော်တင်ဂမ်မှ တပ်ဖွဲ့ဝင် ကိုးယောက်တို့ကို ၎င်းတို့၏ ရိုင်ဖယ်သေနတ်များတွင် ကျည်ဆန်တစ်တောင့်မျှမပါရှိဘဲ အီရတ်စစ်မြေပြင်သို့ စေလွှတ်ခဲ့ကြောင်းဖြင့် ပါလီမန် အမတ်တစ်ဦးက မယုံကြည်နိုင်စရာ ပြောဆိုခဲ့သည်။

တပ်ဖွဲ့ဝင်တိုင်းအတွက် ကျည်ဆန်အလုံအလောက် ထုတ်မပေးနိုင်သည့် အတွက် ကျည်ဆန် ရ၊ မရ အီရတ်နိုင်ငံ ဘာဆရာမြို့ရှိ ဗြိတိန်တပ်ဖွဲ့ဝင်များကို လိုက်လံစုံစမ်းနိုင်ကြောင်းဖြင့် ဗြိတိန်အရာရှိနှစ်ဦးက ပြောကြားသော အခါ ကြားရသူ ကွန်ဆာဗေးတစ်ပါတီဝင်အမတ် ပက်ထရစ်မာဆာမှာ အံ့အားသင့်သွားသည်။

ဗြိတိန် အမှတ်(၇)တပ်မဟာကို အထောက်အကူပေးရန် ပြည်စောင့်တပ်မှ အရာရှိများအား အထူးတာဝန်ဖြင့် အီရတ်တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလက စစ်မြေပြင်သို့ ရွေးချယ်စေလွှတ်ခဲ့သည်ဟု သိရသည်။ *အင်တာနက်။*

အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံးမှု အီရတ်နိုင်ငံ၌ မြင့်တက်လာ ဘရက်လေ သံချပ်ကာကား မီးလောင်ပြီး တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

တီကရစ်(အီရတ်) ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံတွင် စနေနေ့က အီရတ်ခုခံတွန်းလှန်သူများလက်ချက်ဖြင့် အမေရိကန် တပ်ဖွဲ့ဝင် သုံးဦးနှင့် အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးတို့ သေဆုံးခဲ့ရာ လွန်ခဲ့သည့် မတ်လ အီရတ်စစ်ပွဲ စတင်ခဲ့ချိန်နောက်ပိုင်း အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၀၀ ရှိသွားပြီဖြစ်သည်။

ပြဿနာတစ်ရပ်ဖြစ်

အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု မြင့်တက်လာခြင်းသည် နိုဝင်ဘာလ၌ သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရရေး ကြိုးပမ်းမှု ကာလအတွင်း သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အတွက် ပြဿနာတစ်ရပ်ကို ဖြစ်စေသည်။

အင်အားအပြင်းထန်ဆုံး

ဘဂ္ဂဒက်မြို့တွင် နောက်ဆုံးဖြစ်ပွားခဲ့သည့် လမ်းဘေးဗုံးပေါက်ကွဲမှုသည် အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှုများအနက် အင်အားအပြင်းထန်ဆုံး တိုက်ခိုက်မှုတစ်ရပ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် ဘရက်လေသံချပ်ကာကားအတွင်းရှိ လူငါးဦး သေဆုံးခဲ့ရသည်။ ယခင်တိုက်ခိုက်မှုများသည် အမေရိကန် ထရပ်ကားများ ကဲ့သို့သော သာမန်သယ်ယူပို့ဆောင်ရေး ယာဉ်များပေါ်မှ တပ်ဖွဲ့ဝင်များကိုသာ ထိမှန်သေဆုံးမှု ဖြစ်စေခဲ့သည်။

ကာရီမြို့အနီး ဖြစ်ပွား

အီရတ်နိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၉ မိုင်အကွာ ကာရီမြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် ဘရက်လေ သံချပ်ကာကား မီးလောင်ကာ ကားအတွင်းရှိ တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ ဒုတိယဗိုလ်မှူးကြီး ဗီလီယံမက်ဒိုနယ်က ပြောကြားသည်။

အင်တာနက်။

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးလောင်နေသည်ကိုတွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်*

နိုင်ငံတကာရေးရာများတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာမှု အရေးပါကြောင်း ရုရှားနှင့် တရုတ် ဆွေးနွေး

မော်စကို ဇန်နဝါရီ ၁၈

နိုင်ငံတကာရေးရာများတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာရေးသည် အရေးပါကြောင်းနှင့် မိမိတို့ နှစ်နိုင်ငံ အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သင့်ကြောင်း မော်စကိုသို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ရှန်လောင်ဖန်နှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်တို့က ပြောကြားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့က မော်စကိုတွင် ကျင်းပသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ရှန်နှင့် ဖီဒိုတော့ဗ်တို့သည် မော်စကို၌ သောကြာနေ့က တွေ့ဆုံပြီး အီရတ်အရေး၊ အရှေ့အလယ်ပိုင်း၊ အာဖဂန်နစ္စတန်နှင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကိစ္စများကို ဆွေးနွေးကြသည်။

သဘောတူညီ

တာဝန်ရှိပုဂ္ဂိုလ်နှစ်ဦးတို့သည် မျက်မှောက် ကမ္ဘာ့စနစ်သစ်၌ နိုင်ငံစုံဝါဒ ကျင့်သုံးမှု လိုအပ်ကြောင်းနှင့် နိုင်ငံတကာကိစ္စများတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍတိုးမြှင့်ရေး အရေးပါကြောင်းတို့ကို သဘောတူညီကြသည်။ ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင် တရုတ်နှင့် ရုရှားတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သင့်ကြောင်း ၎င်းတို့နှစ်ဦးက သဘောတူညီကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သုခါပင္ဒိုပဒါသဒ္ဓမ္မရံသီရိပ်သာ(ကျောက်ကုန်း) ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၁၅) ကျောက်ကုန်းလမ်းရှိ သုခါပင္ဒိုပဒါသဒ္ဓမ္မရံသီရိပ်သာ၌ ဇန်နဝါရီ ၂၁ရက်မှ ၃၁ ရက်အထိ (၁၀)ရက် ဝိပဿနာတရားစခန်းဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ရိပ်သာသို့ လာရောက် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

မြို့ပြခြွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

နယ်စပ်မှတ်တမ်း

ကာဠပနဒီ သက်သေတည်လျက်

မြင့်စိုး(နတလ)

ကျွန်တော်မသိနိုးနားအရွယ် တစ်ခုသောညနေခင်း ချိန်ခါ၌ ရွာထိပ်သို့ ယောင်ပေယောင်ပေနှင့် ထွက်လာစဉ် လူသုံးယောက်နှင့် ဆုံသည်။ သေနတ်တွေ ကျောမှာ လွယ်ထားပြီး ချွေးသံရွှဲရွှဲနှင့် ခြေပစ်လက်ပစ် ထိုင်နေကြ သည်။ ကျွန်တော့်ကိုမြင်သောအခါ ကောင်လေး-ငါတို့ကို သောက်ရေနည်းနည်းလောက် သွားယူပေးပါလားဟု ခိုင်း၏။ ဘာကြောင့်ရယ်မသိ အိမ်ပြန်ပြီး ရေနွေးခရားထဲသို့ သောက်ရေအိုးမှရေများခပ်ထည့်ယူလာကာသူတို့ကိုပေးသည်။

သူတို့မည်သူမည်ဝါတွေဖြစ်ကြောင်း ကျွန်တော်စိတ် မဝင်စားပါ။ ကျွန်တော် စိတ်ဝင်စားနေသည်မှာ သူတို့ လွယ်ထားသော သေနတ်များဖြစ်သည်။ သေနတ်ထိပ်မှာ တုံးတိတိဖြစ်နေလျှင် အင်္ဂလိပ်ခေါင်းတို၊ နည်းနည်းရှည် နေလျှင် အမေရိကန်ခေါင်းရှည်သေနတ်ဟု လူကြီးတွေ ပြောသံ ကြားဖူးသည်။ ထိုအချိန်က ကျွန်တော်တို့စစ်တိုက် တမ်းကစားလျှင် လိုင်ဖယ်တိုင်မကွယ်နဲ့၊ မိုင် ၂၀ ပြေးတယ် တွေဘာတွေ အော်တတ်ကြသည်။ ရိုင်ဖယ်ကိုလိုင်ဖယ်ဟု ခေါ်ခဲ့သောအရွယ်။ သူငယ်ချင်းများနှင့်ဆုံလျှင် ကျွန်တော် မြင်ခဲ့သည့် လိုင်ဖယ်ခေါင်းတို ခေါင်းရှည်တွေအကြောင်း ပြောပြရဦးမည်။

အမှန်က သူတို့သည် သောင်းကျန်းသူ (ဗကပ)များ ဖြစ်ကြသည်။ အကယ်၍သာ ထိုအချိန်၌ စစ်ကြောင်း ဝင်လာပြီး တိုက်ပွဲဖြစ်လျှင် ကျွန်တော်တခြား၊ ရေနွေးအိုး

တိုင်းမှူး(ယာခုနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး)ထံသို့ ဗကပ(ရခိုင်ပြည်နယ်) အဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက လူ၊ လက်နက်၊ ခဲယမ်းစာရင်းများ ပေးအပ်စဉ်။

တခြား ဖြစ်သွားနိုင်သည်။ တစ်စစီ ကျိုးပဲ့သွားရုံမျှမက တစ်စစီ လိုက်ကောက်ယူရလောက်အောင် အရိုးသပ်သပ်၊ အသားသပ်သပ် ဖြစ်သွားနိုင်သော အခြေအနေပင်။

ကျွန်တော်နှင့် ဗကပတို့ တွေ့ဆုံမှုနိဒါန်းက ဤသို့ စခဲ့သည်။ ထိုကာလကတည်းက ရခိုင်ဘက်တွင် ဗကပ ရှိနေမှန်း ကျွန်တော်သိခဲ့၏။ ရွာကလူတွေ ငါးသိုင်းချောင်း-ဝွလမ်းအတိုင်း ရခိုင်ပြည်နယ်သို့ သွား၍ ငါးပိဝယ်၊ ငါး ခြောက်ဝယ်၊ နွားအရောင်းအဝယ် လုပ်တတ်ကြသည်။ ရခိုင်ပြည်နယ်ဘက်သို့ သွားသည်ဟု မည်သူကမှ မပြော။ ကျွန်တော်တို့အရပ်၏ အနောက်ဘက်တည့်တည့်တွင် ရှိသောကြောင့် အနောက်ကိုသွားနေတယ်။ အနောက်က ပြန်လာတာဟု ပြောတတ်ကြသည်။ လမ်းတွင် နှစ်ညခန့် အိပ်၍ ခြေကျင်သွားသူ များသည်။ လှည်းနှင့်လည်း သွားလို့ရ၏။ လှည်းလမ်းကောင်းပုံမရ။ တောလမ်း၊ တောင်လမ်းဖြစ်၍ လှည်းပေါ် ထိုင်လိုက်ရင်း သစ်ကိုင်းနှင့် မိတ်ဆက်ကာ နဖူးပြဲ ခေါင်းကွဲသူတွေရှိ၏။ တစ်ခါတစ်ရံ လမ်းတွင် သောင်းကျန်းသူနှင့် တိုးသည်။

ကျိန္တလီချောင်းဖျားတစ်ဝိုက် တိုက်ပွဲတွေ ခဏခဏ ဖြစ်ကြောင်း ပြောပြကြသည်။ ထိုစဉ်က ကျွန်တော့်အာရုံထဲ တွင် စွဲသွားသည်မှာ ရခိုင်ပြည်နယ်လည်း သောင်းကျန်းသူ ပါကလားဟူ၍ ဖြစ်သည်။ အမှန်က ထိုကာလ၌ မြစ်ဝကျွန်း ပေါ်မှ ဗကပနှင့် ရခိုင်ပြည်နယ်မှ ဗကပတို့ ညာညိုကာ ဟန်ချက်ညီညီ လှုပ်ရှားနေကြပုံရသည်။ အကြောင်းမှာ ဖြတ်လေးဖြတ်ကြောင့် ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်၌ ဗကပ မျိုးကန်းသွားချိန်တွင် ကျိန္တလီဘက်သွားသူများထံမှ သောင်းကျန်းသူ တွေ့ခဲ့ကြောင်း ပြောသံမကြားရတော့၍ ဖြစ်သည်။

ဗကပ(ရခိုင်ပြည်နယ်)ကို ၁၉၄၇ ခုနှစ် ဧပြီလတွင် မြောက်ဦးမြို့နယ် ထုမကျေးရွာ၌ စတင်ဖွဲ့စည်းခဲ့သည်။ မူလအစကမူ ဖဆပလအဖွဲ့ဝင်များဖြစ်ကြ၍ ဖဆပလ၏ ဦးဆောင်မှုကို ခံယူခဲ့သည်။ သည်နောက် သဘောထားများ ကွဲလွဲပြီး ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗကပ (ရခိုင်ပြည်နယ်) အနေဖြင့် တောခိုခဲ့ကြသည်။ လက်နက်ကိုင် လမ်းစဉ်ကို စခဲ့ကြသည်။ ဗကပ(ရခိုင်ပြည်နယ်) အနေဖြင့် သန္ဓေတည်စက ရခိုင်ပြည်နယ်အတွင်း အတန်အသင့် ထိုးဖောက် လှုပ်ရှားနိုင်ခဲ့သည်။ သို့ရာတွင် တပ်မတော်က ၁၉၇၅ ခုနှစ်၌ ဘူးသီးတောင်မြို့နယ်အတွင်း စစ်ဆင်ရေးများ ပြုလုပ်ခဲ့သဖြင့် ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ရွှေ့ပြောင်းလှုပ်ရှားသည်။

တစ်ဖန် ၁၉၇၈ ခုနှစ်အတွင်း ဗကပအနောက် မြောက်တိုင်း တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေး၍ ရခိုင်ရိုးမ တွင် အင်အားပြန်လည်တည်ဆောက်ရေး၊ ဗကပဗဟိုခွဲ ထူထောင်ရေး ကြိုးပမ်းခဲ့သည်။

ထို့ကြောင့် တပ်မတော်က ၁၉၈၀ ပြည့်နှစ်အတွင်း စစ်ဆင်ရေးများ ထပ်မံပြုလုပ်သောအခါ ဗကပ (ရခိုင် ပြည်နယ်) အနေဖြင့် နယ်စပ်သို့အပြီးတိုင် ရွှေ့ပြောင်းသွား ရသည်။ ကျွန်တော့်အတွက် ထူးဆန်းနေသည်မှာ ၁၇ နှစ် တိတိကြာမှ ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ကြသည့် သားအဖနှစ်ဦး ၏ ဇာတ်လမ်းဖြစ်သည်။

ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့အနေဖြင့် နိုင်ငံတော် အစိုးရ၏ ချမှတ်ကျင့်သုံးနေသော အမျိုးသားရေးမူဝါဒများ၊ အတွင်းရေးမှူး(၁) ယခု [နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်]၏ တောတွင်းရောက်လက်နက်ကိုင် အဖွဲ့အစည်း များအား ဖိတ်ခေါ်ကမ်းလှမ်းချက်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အသီးသီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုများ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်း ရေး တည်ဆောက်ရယူပြီးနောက် နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည် ဖော် ဆောင်ရွက်ပေးမှုများ စသည့်အခြေအနေအရပ်ရပ်တို့ကို စောင့်ကြည့်လေ့လာခဲ့သည်။

ထိုကာလမှာပင် ၁၉၉၂ ခုနှစ်အတွင်း၌ ဗကပ (ရခိုင် ပြည်နယ်) ဥက္ကဋ္ဌဦးစောထွန်းဦး ခေါင်းဆောင်၍ ညီလာခံ ပြုလုပ်ခဲ့သည်။ ယင်းညီလာခံက ဗကပ(ရခိုင်ပြည်နယ်)အား ရခိုင်ပြည်နယ် လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးပါတီ အမည်သို့ပြောင်းလဲခဲ့သည်။ ထိုမှ ၁၉၉၅ခုနှစ် ဇန်နဝါရီ လတွင် ဒီမိုကရေစီ ပြည်ချစ်တပ်မတော်(ရခိုင်ပြည်နယ်) အမည်ဖြင့်ပြောင်းလဲဖွဲ့စည်းသည်။ ထို့နောက် တရားဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ရေးအတွက် ပထမဦးဆုံး ခြေလှမ်းအဖြစ် ဗကပ(ရခိုင်ပြည်နယ်)သည် ၁၉၉၆ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ စတင်ဆက်သွယ်လာသည်။ ယင်းသို့ဆက်သွယ်ပြီးနောက် ၁၉၉၆ခုနှစ် အောက်တိုဘာလ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် တပ်မတော်ထောက်လှမ်း ရေး ကိုယ်စားလှယ်အဖွဲ့သည် ဦးစောထွန်းဦး ခေါင်းဆောင် သော ဗကပ(ရခိုင် ပြည်နယ်)အဖွဲ့နှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပထမဆုံးအကြိမ် တွေ့ဆုံအပြီးမှာပင် ဦးစောထွန်းဦး က အကူအညီ တစ်ခုတောင်းခံလာသည်။ ၁၉၈၀ ပြည့်နှစ် တွင် တပ်မတော်က ထိုးစစ်ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့၍ မိမိတို့အဖွဲ့နယ်စပ်သို့ ဆုတ်ခွာခဲ့ရကြောင်း၊ ထိုအချိန်က ဇနီးဖြစ်သူမှာ ကိုယ်ဝန်အရင့်အမာရှိနေပြီမို့ ထားခဲ့ရကြောင်း၊ ဇာတိဖြစ်သည့် ပုဏ္ဏားကျွန်းမြို့နယ် တန်ခိုးရွာသို့ ရောက်ရှိ သွားပြီး သားယောကျ်ားလေး ဖွားမြင်သည်ဟု ကြားသိရ ကြောင်း၊ သားဖြစ်သူသည် ယခုအသက်(၁၇)နှစ်ခန့်ရှိပြီဖြစ် ၍ တွေ့ခွင့်ရအောင် ကူညီပေးပါရန် မေတ္တာရပ်ခံခဲ့၏။

တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများ အနေဖြင့်လည်း ချက်ချင်းကူညီကြသည်။ ကျိုးကန်းပြင်မှ ကားတစ်တန်၊ စက်လှေတစ်တန် အဆင့်ဆင့်ခရီးနှင်၍ တန်ခိုးရွာအရောက် သွားရောက်ရှာဖွေပေးသည်။ သားဖြစ်သူ က မလိုက်ရဲ။ လာခေါ်သူများကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေ၏။ ဦးစောထွန်းဦး ရေးပေးလိုက်သောစာကိုထုတ်ပြလိုက် မှသာ အမေဖြစ်သူက ယုံကြည်စိတ်ချစွာ ထည့်လိုက်သည်။

ပစ္စည်းမဲ့ပါတီတစ်ရပ်အသွင် ခံယူထားသော ဗကပ။ ပစ္စည်းမဲ့သည် မမဲ့သည်တော့မသိ။ သားသမီးအပေါ် သံယောဇဉ်မမဲ့သေးတာကတော့ သေချာသည်။ ပြန်လည် တွေ့ဆုံရခိုက် သားအဖနှစ်ယောက် ကြေကွဲဝမ်းနည်းစွာ ပွေ့ဖက်ရင်း မျက်ရည်ကျခဲ့ကြသည်။

ဗကပ (ရခိုင်ပြည်နယ်) အဖွဲ့နှင့် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထပ်မံတွေ့ဆုံဆွေးနွေး ခဲ့သည်။ ဗကပလမ်းစဉ်ကို စွန့်လွှတ်ကာ နယ်စပ်တွင် ဖြန့်ခွဲထားသော တပ်ဖွဲ့ဝင်များအား စုစည်း၍ တရားဥပဒေ ဘောင်အတွင်း ဝင်ရောက်ရန်သာရှိတော့၏။ ဗကပ (ရခိုင်ပြည်နယ်) တပ်ဖွဲ့ဝင်များအား နယ်စပ်မှတစ်ဆင့် အောင်သပြေကျေးရွာသို့လည်းကောင်း၊ အောင်သပြေမှ ကြိမ်ချောင်း၊ ကြိမ်ချောင်းမှ ကျိုးကန်းပြင်သို့လည်းကောင်း အဆင့်ဆင့် ပို့ဆောင်ပေးသည်။ နယ်မြေခံစစ်ဗျူဟာအဖွဲ့၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုရေးစခန်း များ ဖွင့်လှစ်၍ ဝမ်းပန်းတသာ ကြိုဆိုကြသည်။

ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့ တရားဥပဒေဘောင် အတွင်း ဝင်ရောက်လာသည့် အခမ်းအနား၌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အဖွဲ့ဥက္ကဋ္ဌ ဦးစော ထွန်းဦးအား နှုတ်ဆက်စဉ်။ (၆-၄-၉၇)

ငြိမ်းချမ်းရေးအခမ်းအနားကို ကျိုးကန်းပြင်၌ ၁၉၉၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်ရာ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော် ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) တက်ရောက်ချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် ဒေသဖွံ့ဖြိုးရေးနှင့် တပ်ဖွဲ့ဝင် မိသားစုများ ရေရှည်ဘဝရပ်တည်ရေး ဆိုင်ရာ ကိစ္စရပ်များ ကို ဆက်လက်ညှိနှိုင်းဆွေးနွေးသည်။

ငြိမ်းချမ်းရေးအခမ်းအနားအပြီး ထိုနေ့ညက ညစာ စားပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်)၊ တိုင်းမှူးနှင့်ဝန်ကြီးများ၊ ဧည့်သည် တော်များ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြ သည်။ ဗိုလ်ချုပ်ကြီးသည် ငယ်စဉ်ကရခိုင်ဒေသ၌ တပ်ရင်း မှူး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၍ နယ်မြေအခြေအနေ အားလုံးကို ကောင်းစွာသိရှိပြီးဖြစ်သည်။ ထိုစဉ်ကာလက အခြေအနေနှင့် အတွေ့အကြုံများကို သတိတရ ပြန်လည် မိန့်ကြားခဲ့သည်။ ဦးစောထွန်းဦးကလည်း ဗကပ (ရခိုင် ပြည်နယ်)အနေဖြင့် ၁၉၇၅ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်များ အတွင်း ခက်ခက်ခဲခဲရပ်တည်ခဲ့ရပုံများကို ရှင်းလင်းတင်ပြ သည်။ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ဌာနဆိုင်ရာ အကြီးအကဲများကလည်း ကိုယ်စီကိုယ်ငရခိုင်ပြည်နယ် အတွင်း ကြုံတွေ့သမျှကို ပါဝင်ပြောကြား တင်ပြကြ သည်။

သို့သော် ထိုစကားဝိုင်းတွင် တစ်ချိန်ကလို တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား မတူညီသော အမြင်များ မရှိ။ အာဃာတများမရှိ။ အထင်အမြင်လွဲမှားမှု၊ သံသယ ပွားမှုများကို ဖယ်ရှားနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့် ဒေသ ဖွံ့ဖြိုးရေးအတွက် တူညီသော အမြင်များသာရှိသည်။ ရင်းနှီး ချစ်ကြည်မှု၊ တစ်ဦးအပေါ် တစ်ဦးနားလည် ခွင့်လွှတ်မှု များသာရှိသည်။

စင်စစ် ထိုစကားဝိုင်းသည် ငြိမ်းချမ်းရေး မြတ်နိုးသူ များ၊ တည်ဆောက်ဖန်တီး ထုဆစ်သူများ၏ မေတ္တာ စေတနာနှင့် ယှဉ်သော စကားဝိုင်းသာတည်း။ ။

ဝန်ကြီး ဦးအောင်သောင်းအား အိန္ဒိယနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းအား အိန္ဒိယနိုင်ငံ Angeligue International Limited ဥက္ကဋ္ဌ Mr. D.K. Goyal နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ၃နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ထွန်းတောက်လာတော့မည့် မြန်မာ့တင်းနစ် ကြယ်တစ်ပွင့်

ကျော်မျိုးနိုင်

ဇန်နဝါရီ ၁၂ ရက်မှာ အာရှဇုန်(၂) အသက်(၁၄)နှစ်အောက် တင်းနစ်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ခဲ့တယ်။ မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံက တင်းနစ်အားကစားမောင်မယ် ၄၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ဒါပေမယ့် မွန်ဂိုလီးယားတင်းနစ်အသင်းကတော့ အချိန်မီရောက်မလာခဲ့ဘူး။ ဒါကြောင့်လည်း ပထမအကျော့ပွဲစဉ်တွေမှာ ရှစ်နိုင်ငံပဲ ပါဝင်ယှဉ်ပြိုင်ခဲ့တယ်။ အဲဒီပြိုင်ပွဲမှာ အမျိုးသားတစ်ဦးချင်းအနေနဲ့ ဖြိုးမင်းသာ(မြန်မာ)က ပထမရမှတ် ၃၀၀၊ဇင်ဘို(မြန်မာ)က ဒုတိယရမှတ် ၂၀၀၊ Surish Shanmugam (Malaysia) က တတိယ ရမှတ် ၁၅၀နဲ့ ဦးဆောင်နေတယ်။ အမျိုးသမီးပွဲစဉ်များမှာတော့ မိုးချစ်သဲ(မြန်မာ)က အဆင့် ၅ ရမှတ် ၇၀ ရရှိခဲ့တယ်။

အသက်၁၄နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် အရပ် ခြောက်ပေ နှစ်လက်မရှိ မွန်ဂိုလီးယားမှ ပြိုင်ဘက် Batrakh Munkhbastar ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ကစားသွားပြီး တစ်ဦးချင်း ပထမဆုနှင့် ပြိုင်ပွဲ၏ အကောင်းဆုံး အားကစားသမားဆု ဆွတ်ခူးသွားသူ မြန်မာနိုင်ငံမှ ဖြိုးမင်းသာ၏ ကစားဟန်။ (အပေါ်ပုံနှင့် ဝဲပုံ)

ပထမအကျော့ပွဲစဉ်အပြီးမှာတော့ မွန်ဂိုလီးယားအသင်းဟာ ပီကင်း၊ ကူမင်းက တစ်ဆင့် ရောက်လာခဲ့တယ်။ ထွားကျိုင်းလိုက်တဲ့ လူငယ်တွေ၊ အရပ်က ၅ ပေ ၁၁ လက်မနဲ့ ၆ပေ ၂လက်မကြီးတွေ။ သိမ်ဖြူ တင်းနစ်ကွင်းထဲမှာ လေ့ကျင့်နေတော့ သူများကလေးတွေထက် ခေါင်းနှစ်လုံးထက်မက သာနေကြတယ်၊ မားမားမားမားနဲ့။ ဒုတိယအကျော့ပွဲစဉ်တွေ စစချင်း မွန်ဂိုလီးယားက Batrakh Munkhbastar နဲ့ မြန်မာက အောင်ကျော်နိုင်(ပလောင်အမျိုးသားကလေး)တို့ တွေ့ကြတယ်။ ခါတ်ပုံထဲမှာ တွေ့ကြတဲ့အတိုင်းပဲ ကြက်တညင်လေးနဲ့ စစ်တကောင်း ကြက်ဖကြီးတို့ခွပ်လိုက်ကြတာ ဒီပွဲမှာတော့ အောင်ကျော်နိုင် (မြန်မာ) ၆-၁၊ ၆-၂ နဲ့ ရှုံးသွားတယ်။

အဲဒီနေ့က ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က Suresh Menon က ပြောတယ်။ မွန်ဂိုလီးယားအသင်း ပထမအကျော့ပွဲစဉ်မမီတာ မင်းတို့မြန်မာအသင်း ကံကောင်းတယ်။ မဟုတ်ရင် ဖြိုးမင်းသာလည်း ပထမ မရနိုင်ဘူးလို့ဆိုလာတယ်။

ဆိုလည်း ဆိုလောက်တယ်။ Batrakh Munkhbastar ဆိုတဲ့ ၁၄နှစ်အောက် တင်းနစ်သမားလေးက အရပ်ခြောက်ပေ နှစ်လက်မ၊ ကိုယ်အလေးချိန်က ၁၃၅ ပေါင်၊ ၁၄ နှစ်အောက်မှာ ကစားနေတာ သုံးနှစ်ရှိပြီ။ သည်နှစ်နောက်ဆုံး မလေးရှားမှာကျင်းပတဲ့ Asian Junior Circut ရဲ့ Champion ဖြစ်တယ်။

မြန်မာ့ တင်းနစ်ပရိသတ်ကလည်း မွန်ဂိုလီးယားအသင်းကို သိပ်ကိုစိတ်ဝင်စားနေကြတယ်။ ကလေးတွေက ထွားထွားကျိုင်းကျိုင်းကြီးတွေ၊ အသားအရေကလည်း ဖွေးဖွေးနုနုနဲ့ ရဲတွတ်နေကြတယ်။ ထူးခြားတာက သုံးယောက်စလုံးရဲ့ခေါင်းကဆံပင်တွေက တစ်ယောက်ကအစိမ်း၊ တစ်ယောက်က အနီနဲ့ တစ်ယောက်က အဖြူရောင် ဆေးတွေ ဆိုးထားကြတယ်။

နောက်ဆုံးတော့ ဇန်နဝါရီ၁၉ရက် နံနက်၉နာရီမှာ ဖြိုးမင်းသာနဲ့ မွန်ဂိုးလီးယားက အကောင်းဆုံးဆိုတဲ့ Batrakh Munkhbastar ဆံပင်အဖြူရောင်တို့ ဖိုင်နယ်မှာတွေ့ကြပြီး နာယက၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌ၊ သံတမန်တွေ၊ တင်းနစ်ဝါသနာရှင်တွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေပါ ကွင်းလုံးပြည့်နေကြတယ်။ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယကကြီး ကိုယ်တိုင်က "ဖြိုးမင်းသာ မနိုင် နိုင်ဘူး ဆိုတဲ့ တင်းနစ်သမားရဲ့ လက်ရည်ကို သိအောင် လေ့လာရမယ်၊ ကျွန်တော်တို့ မြန်မာကလေးတွေ ဘယ်လောက်ထပ် ကြိုးစားဖို့လိုမလဲဆိုတာ သည်ပွဲမှာ ကြည့်ရမယ်"လို့ ဝန်ကြီးကို ပြောသံကြားလိုက်ရတယ်။

ထွန်းတောက်လာတော့မည့် မြန်မာ့ တင်းနစ်ကြယ်တစ်ပွင့်

ဆင်နဲ့ ဆိတ်၊ ကြက်တညင်လေးနဲ့ စစ်တကောင်းကြက်ဖကြီးတို့ရဲ့ ပြိုင်ပွဲက စပါပြီ၊ Batrakh Munkhbastar ကလည်း ကျော်သလောက်လည်း တော်ပါပေတယ်။ ပွဲစချင်း ငါးဂိမ်းဆက်တိုက် ရသွားတယ်။ ဖြိုးမင်းသာက တစ်ဂိမ်းပဲ ရသေးတယ်။ ပရိသတ်လည်း တော်တော် စိုးရိမ်သွားတယ်။

ဒါပေမယ့် လုံးဝအလျှော့မပေးဘူး။ ကောင်းလိုက်တဲ့စိတ်ဓာတ်၊ တော်လိုက်တဲ့ကလေး၊ ကြိုးစားလိုက်တဲ့ မြန်မာလေး။ လူကောင်သေးသလောက် ရိုက်ချက်တွေက တစ်ဂိမ်းထက်တစ်ဂိမ်း ပြင်းပြင်းလာတယ်။ လက်ပြန်ရိုက်ချက် Back Hand ရော လက်မှန်ရိုက်ချက် Fore Hand တွေပါ အမှားနည်းတယ်။ ခေါင်းပေါ်က ဖြတ်ရိုက်ချက် Over Headတွေများ ကောင်းသလားမမေးနဲ့ ပြင်းလည်းပြင်း မှန်လည်းမှန်။ "မြန်မာ့သတ္တိ၊မြန်မာ့သွေးနဲ့ ဖြိုးမင်းသာလေး ကြိုးစားလိုက်စမ်း၊ ပရိသတ်တွေရဲ့ သြဘာသံကလည်း တဖြောင်းဖြောင်း၊ ဖြိုးမင်းသာရဲ့ ရိုက်ချက်တွေကလည်း ကောင်းမှကောင်း၊ (၅-၁)ကနေ (၅-၂)၊ (၅-၃)၊ (၅-၄)၊ (၅-၅)၊ (၅-၆)၊ (၅-၇)နဲ့" ဖြိုးမင်းသာနိုင်ပြီ" ခြောက်ဂိမ်းဆက်တိုက် အနိုင်ရသွားတယ်၊ ပရိသတ်တွေရင်ထဲမှာ ပီတိလှိုင်းတွေ ရိုက်ကုန်ပြီ၊ အားပေးနေကြတဲ့ မြန်မာအမျိုးသမီးတချို့ ဝမ်းသာလုံးဆို့ပြီး မျက်ရည်ကျကုန်ကြပြီ။

မွန်ဂိုလူထွားလေးလည်း အံ့အားသင့်နေပြီ။ မှန်းချက်နဲ့ နှမ်းထွက်က တခြားစီ။ ဒုတိယပွဲစဉ်စတော့ ဖြိုးမင်းသာက အပေါ်စီး (၅-၀)နဲ့ ဦးဆောင်ကစားနေပြီ Batrakh Munkhbastar က ဖြိုးမင်းသာရဲ့ ကစားကွက်ထဲမှာ မိနေပြီ၊ ဘယ်ညာထောင့်လေးတွေထဲမှာပဲ အမှတ်တွေက တစ်မှတ်ပြီး တစ်မှတ်ပေးနေရပြီ၊ ကြာလေလေ Batrakh Munkhbastar ရဲ့ ကစားကွက်က ပျက်လေလေ။ ဖြိုးမင်းသာရဲ့ လူကောင်သေးသလောက်၊ Batrakh Munkhbastar နဲ့ စာရင်လက်မောင်းလက်ဖျံတွေ သေးသလောက် ပခုံးအားသုံးပြီး တဝုန်းဝုန်း ရိုက်သွားတဲ့ ရိုက်ချက်တွေအောက်မှာ နာမည်ကြီး မွန်ဂိုလူထွားလေး Batrakh Munkhbastar ဟာ နှစ်ပွဲအပြတ်နဲ့ အရှုံးပေးသွားခဲ့ရပြီ။

လူကောင်ချင်းက အဆမတန်ကွာသော်လည်း လျင်မြန်မှု၊ တိကျသေချာမှု၊ သက်လုံကောင်းမှု၊ လေ့ကျင့်သားပြည့်ဝမှု၊ ပရိသတ်ရဲ့ အားပေးမှုတွေနဲ့ ၂၀၀၄ခုနှစ် အာရှဇုန်(၂) အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ဖြိုးမင်းသာက မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့တယ်။ ဝန်ကြီးနဲ့ နာယက၊ ဥက္ကဋ္ဌတို့ကလည်း အောင်နိုင်သူကိုချီးမြှောက်ဖို့ ကွင်းထဲ ဝင်လာကြတယ်။ နာယကကြီးကလည်း လက်ဆွဲနှုတ်ဆက်၊ ဥက္ကဋ္ဌကလည်း ဖြိုးမင်းသာလေးကို ချီးမြှောင့် အားပေးနေချိန် ပရိသတ်ရဲ့ လက်ခုပ်သံကလည်း မစဲနိုင်ဘူးပေါ့။ ကွင်းလုံးပြည့် မြန်မာပရိသတ်တွေရဲ့ မျက်နှာပေါ်မှာတော့ ဂုဏ်ယူဝင့်ကြွားမှုတွေ တွေ့နေရတယ်။

စေတနာရှင်တွေကလည်း ဆုငွေတွေ ချီးမြှင့်လိုက်ကြတာ တစ်ထိုင်တည်းနဲ့ ကျပ်၁၀သိန်းကျော်ပဲ။ ယမန်နေ့ပွဲတွေနဲ့ပါပေါင်းလိုက်ရင် ပွဲကြည့်ပရိသတ်တွေရဲ့ ဆုကြေးငွေကျပ်သိန်း၂၀ကျော် ဖြိုးမင်းသာလေး လက်ခံရရှိလိုက်တယ်။ ပွဲစဉ်တွေပြီးတော့ နာယကနဲ့ ဥက္ကဋ္ဌ ရှေ့ဆက်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တွေနဲ့ ယခုပြိုင်ပွဲရဲ့ အားနည်းချက်၊ အားသာချက်တွေကို အရှိကို အရှိအတိုင်း သတင်းနဲ့ စာနယ်ဇင်းသမားတွေကို ဖိတ်ပြီး ရှင်းပြပါမယ်လို့ ပြောတယ်။ လေးစားဂုဏ်ယူပါတယ် တင်းနစ်အဖွဲ့ချုပ်လို့သာ ပြောလိုက်ချင်ပါတော့တယ်။ ။

အသက် ၁၄ နှစ်နှင့်အောက် အာရှဇုန် (၂) တင်းနစ်ပြိုင်ပွဲ ဒုတိယ အကျော့ပွဲစဉ်တွင် မွန်ဂိုလီးယားမှ အရပ် ခြောက်ပေ နှစ်လက်မရှိ Batrakh Munkhbastar **နှင့် မြန်မာမှ အောင်ကျော်နိုင်တို့အား တွေ့ရစဉ်။**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်သစ်၏ ပုံရိပ်များကိုဓာတ်ပုံပညာဖြင့် ပီပြင်စွာဖော်ထုတ်ပြသ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပခဲ့သော (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများကိုချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူများ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် ဓာတ်ပုံပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဆုရဓာတ်ပုံပညာရှင်များ တက်ရောက်ကြသည်။

ဖော်ထုတ်ပြသ

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင်ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များ၏ အရည်အသွေးတိုးတက်မြင့်မားရေးနှင့်ယနေ့ တည်ဆောက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်၏ ပုံရိပ်များ၊ တန်ဖိုးကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များကို ဓာတ်ပုံပညာဖြင့်ပီပြင်ထိရောက်စွာ ဖော်ထုတ်ပြသနိုင်ရေးတို့ကို အလေးထားဆောင်ရွက်နေသကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံပြိုင်ပွဲ များကျင်းပရခြင်းသည် နိုင်ငံတစ်ဝန်းလုံး၌ရှိသည့် ဓာတ်ပုံပညာရှင်များအနေဖြင့် မိမိတို့၏ အနုပညာစွမ်းရည်ကို ပြသသည့် ဓာတ်ပုံများကို ဖော်ထုတ်နိုင်ကြရန် ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံသည် သဘာဝ တောတောင်ရေမြေ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သာယာလှပမြတ်နိုးဖွယ်ကောင်းသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ မြောက်ဘက်တွင် နှင်းဖုံးတောင်တန်းကြီးများရှိသကဲ့သို့ နိုင်ငံ၏ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ရှည်လျားသော သဲသောင်ဖွေးဖွေး ရှုမောဖွယ်ရာပင်လယ်ကမ်းခြေ အလှအပများရှိကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံ၏ သယံဇာတ ကြွယ်ဝပုံ၊ မြန်မာ့ရေမြေ၊ တောတောင်၏ ဆွဲဆောင်မှုရှိပြီး လှပပုံများကို ဖော်ထုတ်ပြသကြရမည်ဖြစ်ကြောင်း။

ပီပြင်စွာဖော်ညွှန်း

ယနေ့အချိန်အခါတွင် မြန်မာတိုင်းရင်းသားအပေါင်းသည်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို မူဝါဒလမ်းစဉ်ခုနစ်ရပ် ချမှတ်ပြီး တည်ဆောက်နေကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်သစ်ဆီသို့ အရှိန်အဟုန်ပြင်းစွာ တည်ဆောက်နေကြပုံများကိုလည်း ဓာတ်ပုံပညာရှင်များအနေဖြင့် ပီပြင်စွာ ဖော်ညွှန်းသွားကြရန်လိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ဓာတ်ပုံပညာ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဝင်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်သော် လည်းကောင်းအမြဲတမ်းပူးပေါင်းဆောင်ရွက်ရန်၊ ပံ့ပိုးကူညီရန်အသင့်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ဓာတ်ပုံပညာရှင်များကလည်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ရင်ပေါင်တန်းနိုင်ရေး

ဓာတ်ပုံပညာရှင်များသည် အမျိုးသားရေးတာဝန်ကို ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင် ဆောင်ရွက်ခဲ့ခြင်းကိုဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ခဲ့ရကြောင်း၊ဆက်လက်၍လည်း ယနေ့ကြိုးပမ်း အကောင်အထည်ဖော်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင်လည်း ကျရာအခန်းကဏ္ဍက ပါဝင်တည်ဆောက်ရေး၊ ဓာတ်ပုံလောက အဆင့်အတန်းပိုမိုမြင့်မားရေးနှင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အဏ်ထော်ဏီ (မော်လမြိုင်)၊ ဒုတိယဆုရ ချစ်စရာ (ရန်ကင်း)နှင့် တတိယဆုရ ရွှေလှေမျိုးအောင်တို့အားဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ တွင် အထူးဆုရရှိကြသော မောင်ဘဦး(မန္တလေး)၊ ညောင်ဦး ဖိုးချို၊ ဦးနိုင်ဇေယျ (ဓာတ်ပုံကိုကိုနိုင်-စစ်ကိုင်း)၊ ဦးကျော်သာနှင့် စိုင်းခမ်းလင်းတို့အား လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အထူးဆုရရှိကြသော ဆန်းဦး(တိမ်လွှာ)နှင့် ဦးစိုးမင်း (အောင်သီဟ)တို့အား လည်းကောင်း ဆုများကိုချီးမြှင့်ကြပြီး ဆုရဓာတ်ပုံ ပညာရှင်များကိုယ်စား ပထမဆုရ အဏ်ထော်ဏီ(မော်လမြိုင်)က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံ

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဆုရဓာတ်ပုံများကိုကြည့်ရှုပြီး ဆုရဓာတ်ပုံပညာရှင်များနှင့်အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူများ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

"ရှုခင်းစုံညီ မြန်မာပြည်" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်ထပ်မံတိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသည် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရေးအတွက် ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုကျင်းပမည်ဖြစ်ရာဓာတ်ပုံများကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရန် ကြေညာခဲ့သော်လည်း အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ "ဆလုံတိုင်းရင်းသားရိုးရာပွဲတော်"နှင့် "နာဂတိုင်းရင်းသား ရိုးရာပွဲတော်"တို့မှ လူမျိုးအလိုက်လူနေမှုဘဝ၊ ဓလေ့ထုံးစံများကို ရိုက်ကူးယှဉ်ပြိုင်နိုင်ရန်နှင့် အနယ်နယ်အရပ်ရပ်ရှိ ဓာတ်ပုံဝါသနာရှင်များ ပေးပို့ယှဉ်ပြိုင်မှု အဆင်ပြေစေရန်အတွက် ပြိုင်ပွဲဓာတ်ပုံများကို ဦးကောင်းထွန်း (ဒုတိယညွှန်ကြားရေးမှူး) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၂၇ရက်အထိ ပေးပို့ယှဉ်ပြိုင်နိုင်ရန် ရက်ထပ်မံတိုးမြှင့်လိုက်သည်။ (သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စွမ်းအင်အသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို မလိခအသင်းမှ ကျော်ကျော်မင်းက ရရှိသွားသည်။

(သတင်းစဉ်)



မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၃-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

❍ **မြန်မာအသင်းမှ**
ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်များ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd) နှင့် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co.,Ltd)၊ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးတင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တင်းနစ် အားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပထမရရှိ

အမျိုးသား တစ်ချင်းဗိုလ်လုပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက မွန်ဂိုလီးယားမှ Batrakh Munkhbastar ကို ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသမီး တစ်ဦးချင်း ဗိုလ်လုပွဲတွင် မလေးရှားမှ Noordin က သီရိလင်္ကာမှ Arudpragasam ကို ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲပွဲစဉ်တွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက ပါကစ္စတန်မှ Babar နှင့် Nazir တို့အတွဲကို ၂-၆၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲပွဲစဉ်တွင် မလေးရှားမှ Noordin နှင့် Vythinathan တို့အတွဲက သီရိလင်္ကာမှ Jayatilaka နှင့် မလေးရှားမှ Thirumalaichelvam တို့အတွဲကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

ဖြိုးမင်းသာ

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ယနေ့ ပြီးစီးသွားပြီဖြစ်ရာ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက ပထမအကျော့ပြိုင်ပွဲနှင့် ဒုတိယအကျော့ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ပထမဆုရရှိပြီး အမှတ်အများဆုံးဖြင့် ပထမရရှိသွားသည်။

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှားမှ Noordin က ပထမအကျော့ပြိုင်ပွဲနှင့် ဒုတိယအကျော့ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပထမဆုရရှိပြီး အမှတ်အများဆုံးဖြင့် ပထမရရှိသွားသည်။

အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက ပထမအကျော့ပြိုင်ပွဲနှင့် ဒုတိယအကျော့ပြိုင်ပွဲနှစ်ရပ်လုံးတွင် ပထမရရှိသွားသည်။

အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမအကျော့ပြိုင်ပွဲ၌ မလေးရှားမှ Noordin နှင့် သီရိလင်္ကာမှ Jayatilaka တို့အတွဲက ပထမ၊ ဒုတိယအကျော့ပြိုင်ပွဲတွင် မလေးရှားမှ Noordin နှင့် Vythinathan တို့အတွဲက ပထမရရှိသွားကြသည်။

ပြိုင်ပွဲ၏ အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို မလေးရှားအသင်းမှ Noordin တို့ ဆွတ်ခူးရရှိသွားကြသည်။

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲအမျိုးအစားတစ်ခုစီမှ အဆင့်(၁)မှ (၄)အထိ ရရှိသူများအား ITF Team အဖြစ် ရွေးချယ်ရာ ITF အမျိုးသားအသင်းတွင် တစ်နိုင်ငံတည်းမှ အားကစားသမားအများဆုံး နှစ်ဦးသာ ပါဝင်ခွင့်ရှိရာ မြန်မာနိုင်ငံမှ ဖြိုးမင်းသာနှင့် ဇင်ဘို၊ ITF အမျိုးသမီးအသင်းတွင် မြန်မာနိုင်ငံမှ မိုးချစ်သဲတို့ ရွေးချယ်ခံရသည်။

အဆိုပါ ITF ဇုန်(၂) ကိုယ်စားပြုအသင်းသည် လာမည့် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Asian Championships ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလေးမ၊ ကာယဗလနှင့် ကာယအလှပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၃ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) အလေးမ၊ ကာယဗလနှင့် ကာယအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက်နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့အားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံတွင်ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဘိုကြည်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဝင် အသင်း(၁၂)သင်းမှ အားကစားမောင်မယ်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင် အားကစားအသင်းများက သတ်မှတ်နေရာများအလိုက် နေရာယူပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပထမနေ့ အလေးမပြိုင်ပွဲများကို သတ်မှတ်ဝိတ်တန်းအလိုက် စတင်ယှဉ်ပြိုင်ကြပြီး အဆိုပါပြိုင်ပွဲကို သတ်မှတ်ပြိုင်ပွဲ အမျိုးအစားအလိုက် ဇန်နဝါရီ ၁၈ရက်နေ့အထိ ကျင်းပခဲ့သည်။ (သတင်းစဉ်)

ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

✪ **(၅၉)နှစ်မြောက်မှ**

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)နှင့် အမှတ်(၅) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က တူယှဉ်ကာတိုက်စို့၊ ပြည်သူ့သားကောင်း၊ အောင်ပွဲရတဲ့ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က ရဲသွေးရဲမာန်၊ စံပြဒို့တပ်မတော်၊ ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က တပ်မတော်၊ ပြည်သူ့သားကောင်း၊ ဒို့စစ်သား စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၅) စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူ့သားကောင်း၊ ဒို့စစ်သည်၊ ရဲသွေးရဲမာန် စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေ

ဆက်လက်၍ (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှပြ တီးမှုတ်ဖျော်ဖြေကြသည့် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေး အကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

▲ **အာရှဇုန်(၂)မှ**

ဆက်လက်၍ အပြည်ပြည် ဆိုင်ရာ တင်းနစ် ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon က ဆုချီးမြှင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစား တစ်ခုချင်းစီ၌ ဆုရရှိခဲ့ကြသော ဆုရအားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co, Ltd) တို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲ၏ အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ မလေးရှားအသင်းမှ Noordin၊ အကောင်းဆုံး အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲဝင်အသင်းအဖြစ် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့ကိုမြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းတို့က ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆုငွေကျပ်တစ်သိန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာအား ချီးမြှင့်ပေးအပ်သော ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ ဖြိုးမင်းသာအား ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများမှ အသင်းခေါင်းဆောင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲဝင် နိုင်ငံအသီးသီးမှ တာဝန်ရှိသူများနှင့် အားကစားသမားအသီးသီးက တေးသံသာများ သီဆိုပြီး အဖွဲ့လိုက် ကပြဖျော်ဖြေကြသည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သော ဆပ်ကော်မတီများအား တာဝန်ရှိသူများက အဖွဲ့လိုက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၏ ကိုယ်စား အသင်းခေါင်းဆောင်တစ်ဦးနှင့် အားကစားသမား တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

✽ **ပြန်ကြားရေးမှ**

စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်နေမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ပြည်တွင်းအစားထိုး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပညာရေးဝန်ကြီးဌာနမှ အပ်နှံထားသော ကျောင်းသုံးစာအုပ်များကို သတ်မှတ်ချိန်အမီ အရည်အသွေးပြည့်မီစွာ ပုံနှိပ်ချုပ်လုပ် ဆောင်ရွက်ပြီးစီးရေး၊ စက်ရုံရှိ ပုံနှိပ်စက်များ၊ စာအုပ်ချုပ်စက်များနှင့် ဖြတ်စက်များကို တန်ဖိုးရှိရှိနှင့် စွမ်းအားပြည့် အသုံးချနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိရေး၊ စက်များကို သတ်မှတ်ထားသည့်အတိုင်း နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စနစ်တကျ ကြံ့ခိုင်ရေးဆောင်ရွက်ထိန်းသိမ်းထားရှိ၍ စက်များအတွက် လိုအပ်သော အရန်စက်ပစ္စည်းများကို အတတ်နိုင်ဆုံး ပြည်တွင်းမှ ထုတ်လုပ်သော စက်အပိုပစ္စည်းများနှင့် အစားထိုး ပြုပြင်ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးဘေးလုံခြုံရေး၊ ပစ္စည်းနှင့် သတင်းလုံခြုံမှုရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၄နာရီတွင် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကူးစက်မြန် (ဦးနှောက်အမြှေးရောင်) ရောဂါ ကာကွယ်ရေး

(က) ရောဂါဖြစ်ပွားပုံ

- ဤရောဂါသည် ဘက်တီးရီးယားပိုးကြောင့် ဖြစ်သည်။
- တစ်ဦးမှတစ်ဦးသို့ အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည်။
- အသက်အရွယ်မရွေး ရောဂါဖြစ်နိုင်ပြီး ကလေးသူငယ်များတွင် ပိုမိုဖြစ်သည်။
- လူစုလူဝေးနှင့် နေထိုင်မှုသည် ရောဂါပိုမိုပြန့်လွယ်သည်။
- ဆောင်းနှင့် နွေရာသီတွင် ရောဂါအဖြစ်များလေ့ရှိသည်။
- ဤရောဂါသည် ကူးစက်မြန်ပြီး လူအများစုတွင် တစ်ပြိုင်တည်း ဖြစ်တတ်သည်။

(ခ) ရောဂါလက္ခဏာများ

- ရုတ်တရက် ပြင်းထန်စွာဖျားခြင်း။
- ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ဇက်တောင့်ခြင်း၊ အော့အန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း။
- ကြွက်သားများ နာကြင်ခြင်း။
- အရေပြား၌ သွေးခြေဥခြင်း၊ အနီစက်အနီကွက်များ ဖြစ်ပေါ်လေ့ရှိခြင်း။
- သွေးလန့်မှုဖြစ်တတ်ခြင်း။
- ရုတ်တရက် အသက်ဆုံးရှုံးနိုင်ခြင်း။

(ဂ) ကြိုတင်ကာကွယ်နိုင်ခြင်း

- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- လုံလောက်စွာ အနားယူပါ။
- ပွဲလမ်းသဘင်၊ လူထူထပ်သောနေရာနှင့် ဖုန်ထူထပ်သောနေရာများကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နှာစေး၊ ချောင်းဆိုးလျှင် ရောဂါမပြန့်ပွားစေရန် လက်ကိုင်ပဝါကို အသုံးပြုပါ။
- တစ်ဦးအသုံးပြုထားသော အသုံးအဆောင်နှင့် အဝတ်အထည်များကို အခြားတစ်ဦးမှ အသုံးပြုခြင်းကို ရှောင်ပါ။

(ဃ) ရောဂါလက္ခဏာများရှိလျှင် အသက်ဆုံးရှုံးမှုနှင့် ရောဂါပြန့်ပွားမှုများမှ ကာကွယ်နိုင်ရန် နီးရာကျန်းမာရေးဌာနတွင် ဆောလျင်စွာ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ် မသမာမှု လျော့နည်းပပျောက်အောင်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့ နံနက် ၈နာရီတွင် ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် စတုတ္ထသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ချမှတ်

အစည်းအဝေးတွင် ပြီးခဲ့သည့် တတိယသုံးလပတ် ကာလအတွင်း ရေနံမြေအလိုက် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး စတုတ္ထသုံးလပတ် ကာလအတွက် ရေနံမြေအလိုက် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မည့် အစီအစဉ်များကို ချမှတ်သည်။

ထို့နောက် ဝန်ကြီးက ပြည်တွင်း သုံးစွဲမှု ဖူလုံစေရန် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး၊ အလေအလွင့် ထိန်းသိမ်းရေးနှင့် မသမာမှု လျော့နည်းပပျောက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ယင်းနေ့ ညနေ ၅နာရီတွင် ၎င်း အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပသော မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ခုနှစ် စတုတ္ထ သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ ဝန်ကြီး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြီးခဲ့သည့် တတိယ သုံးလပတ်ကာလအတွင်း ဓာတ်မြေသြဇာထုတ်လုပ်မှု အခြေအနေ များကို ပြန်လည်သုံးသပ်ပြီး စတုတ္ထ သုံးလပတ်ကာလအတွက် ဓာတ်မြေ သြဇာစက်ရုံများ ချောမွေ့စွာ လည်ပတ် ထုတ်လုပ်နိုင်ရေး၊ လိုအပ်သောသဘာဝ ဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားပြည့်ဝ စွာရရှိရေးကိစ္စများကို ညှိနှိုင်းဆွေးနွေး ကာ စက်ရုံအလိုက် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်ရမည့် အစီအစဉ် များကိုချမှတ်သည်။ ထို့နောက် ဝန်ကြီး က ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အလေအလွင့် ထိန်းသိမ်းရေးနှင့် မသမာမှု လျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်း အဝေးကို ညပိုင်းတွင် ရုပ်သိမ်းလိုက် သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှူးဆောင် ညွှန်ကြားရေးမှူးဦးကျော်ရှိန်၊ ညွှန်ကြား ရေးမှူးများ၊ ရေနံမြေ အထွေထွေ မန်နေဂျာများ၊ ဓာတ်မြေသြဇာစက်ရုံမှူး များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

(သတင်းစဉ်)

လားရှိုး၊ မူဆယ်၊ ကော့သောင်း၊ မြိတ်မြို့များ၌ ကုန်စည်ပြပွဲများကျင်းပမည်



ရန်ကုန် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှု၊ အထက်မြန်မာပြည် သမဝါယမဦးစီး ဌာန ညွှန်ကြားရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမ အသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်ထိ လားရှိုးမြို့ ယုံဟော် ကွင်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက် မှ ၁၆ ရက်အထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ မတ် ၂၄ ရက်မှ ၂၈ ရက်ထိ ကော့သောင်း မြို့ မဥ္ဇူသက လွတ်လပ်ရေးကွင်း၌ လည်းကောင်း၊ ဧပြီ ၂ရက်မှ ၆ ရက်ထိ မြိတ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်းလီမိတက်က စီစဉ် ဆောင်ရွက်နေပြီဖြစ်သည်။

ရောင်းချမည်

အဆိုပါ ဈေးပွဲတော်၌ စားသောက် ကုန်များ၊ အလှကုန်နှင့် လူသုံးကုန် ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်း သုံးပစ္စည်းများ၊မွေးမြူရေးနှင့်ရေလုပ်ငန်း ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်း နစ်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်း ဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြား ဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီ ဖိနပ် အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင်ပစ္စည်း အမျိုးမျိုးနှင့် အခြားလူသုံးကုန် ပစ္စည်းများကို အထူး ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ဖျော်ဖြေမည်

ပြပွဲလာ ပြည်သူများအား အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို လက်တွေ့ သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်း မြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်ရာ အဆိုပါ ကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်း များနှင့်စက်မှုအသင်းများသည် ရန်ကုန် တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်း လီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ) ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀(လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ဖုန်း-၂၄၀၆၀၀(လိုင်းခွဲ)၄၃၂၊ ရုံးချိန် ပြင်ပဖုန်း-၆၃၅၂၆၄ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က-ပ)

သားငါးဖွံ့ဖြိုး၊ ဖြည့်အကျိုး

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် အသစ်တပ်ဆင်ပြီးဖြစ်သော MRI နှင့် Cobalt စက်များဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမ်အာအိုင်နှင့်ကိုဘော့စက်သစ်ကြီးများဖွင့်ပွဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသစ်တပ်ဆင်ပြီးဖြစ်သော MRI နှင့် Cobalt စက်များဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်လမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပ လူနာဌာန၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံ အုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက် ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့် အမှာစကား ပြောကြားပြီး ဝန်ကြီးအား Europ Continent , Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr. Jean Marie Pascal က အလှူငွေ အမေ ရိကန်ဒေါ်လာ၁၂၈၇၁၇ကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း အမှတ်(၁၉)ရှိ Foremost Co., Ltd မှ ဦးစိုးလင်း၊ ဦးတင့်ရှိန်တို့က အလှူငွေ ကျပ်သိန်း ၁၀၀၊ ကမာရွတ်မြို့နယ် ပြည်လမ်း (၇)မိုင်ခွဲ အမှတ်(၁၉)နေ အလှူရှင် ဒေါ်သီသီသန်းက အလှူငွေ ကျပ်သိန်း ၅၀၊ ရန်ကုန်မြို့ ၄၄လမ်း အမှတ်(၇၅)ဦးကျော်ဝင်း၊ ဒေါ်ဖြူဖြူ သင်းတို့က အလှူငွေကျပ် ၁၀သိန်းနှင့် အလှူရှင်တစ်ဦးက ငွေကျပ် ငါးသိန်း၊ အလှူရှင်ငါးဦးက ငွေကျပ်သုံးသိန်းစီ၊ အလှူရှင်နှစ်ဦးက ငွေကျပ်နှစ်သိန်းစီ၊ အလှူရှင်ငါးဦးက ငွေကျပ်တစ်သိန်းစီ အသီးသီးပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ တိတ်ဝမ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ပြင်ပလူနာဌာနရှိ MRI စက်သစ်ကြီးကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝမ်းမောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် MRI စက်သစ်ကြီးကို လှည့်လည်ကြည့်ရှုကြ သည်။

ထို့နောက် ဓာတ်ရောင်ခြည်ကုဌာန C 60 III စက်ခန်းတွင် တပ်ဆင်ထား သော Cobalt စက်သစ်ကြီးကို ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည် တော်များသည် Cobalt စက်သစ်ကြီး ကို လှည့်လည်ကြည့်ရှုကြသည်။

MRI စက်သစ်ကြီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၆၁၅၄ရှိပြီး ရောဂါရှာဖွေရေးတွင် အထောက်အကူ ပြုမည်ဖြစ်သည်။ Cobalt ဓာတ် ရောင်ခြည်စက်၏ တန်ဖိုးမှာ အမေ ရိကန်ဒေါ်လာ ၅၉၇၀၀၀ ရှိပြီး ကင်ဆာရောဂါလူနာများ ကုသရာတွင် အကျိုးရှိမည့်စက်ကြီးဖြစ်သည်။ နိုင်ငံ တော်မှ ငွေကျပ် ၂၆၅သိန်းနှင့် အလှူရှင် များ လှူဒါန်းငွေကျပ် ၁၃၃သိန်းဖြင့် ကျခံဝယ်ယူခဲ့ခြင်းဖြစ်သည်။

ဝမ်းသာစရာသတင်းကောင်း

MRI စက်ကို ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီး၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး၊ ရန်ကုန် ပြည်သူ့ ဆေးရုံကြီးတွင် တစ်လုံးစီ စုစုပေါင်း သုံးလုံး တပ်ဆင်ထားလျက်ရှိပြီး မကြာ မီ မန္တလေး ပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ပြီးစီးတော့မည့် စက်တစ်လုံး အပါအဝင် MRI လေးလုံးဖြစ်လာ မည်ဖြစ်ကြောင်းနှင့် Cobalt ဓာတ် ရောင်ခြည်စက်ကြီးသည် ရန်ကုန် ပြည်သူ့ ဆေးရုံကြီး၊ မန္တလေးပြည်သူ့ ဆေးရုံကြီး၊ ရှမ်းပြည်နယ် တောင်ကြီး စဝ်စံထွန်း ဆေးရုံကြီးများတွင်ရှိသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဓာတ် ရောင်ခြည်ကုဌာနတွင် နေ့စဉ်ကင်ဆာ လူနာ ၃၀၀ခန့်ကို ဓာတ်ရောင်ခြည် ကုသပေးနေရပြီး ဆေးပညာရှင်များနှင့် ကျွမ်းကျင်သူ ပညာရှင်များအတွက် သာမက လူနာများအတွက် ဝမ်းသာ စရာ သတင်းကောင်း ဖြစ်သည်။

(သတင်းစဉ်)

သမဝါယမထုတ်ကုန်ပြပွဲ ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၁၉

သမဝါယမဝန်ကြီးဌာနက ကြီးမှူး ကျင်းပလျက်ရှိသော သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံ လမ်းသစ်ထောင့်ရှိ သမဝါယမကူးသန်း ရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံ ပလာဇာ)၌ ယနေ့ သတ္တမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသ ရောင်းချ လျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက် ရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၁၀** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က) ပထမနှစ် (စိတ်ပညာ)
  (ခ) ပထမနှစ် (ဒဿနိကဗေဒ)
- **၅:၃၀** ၈။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံ့တကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" (အပိုင်း-၈)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  ၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
  ၁၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
  ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (အပိုင်း-၂၀)**
  ၂၁။ သင့်အတွက်မနက်ဖြန်
  ၂၂။ အပိတ်နှုတ်ဆက်စကား
  ၂၃။ ပြီးပါပြီ။

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန မြို့ပြလေကြောင်း လုံခြုံရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် လေကြောင်းပညာသိပ္ပံ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်စပ်လျဉ်းပြီး အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက သင်တန်းနှင့် သက်ဆိုင်သည်များနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းသို့ သင်တန်းသား ၇၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ဖြစ်သည်။

စံချိန်စံညွှန်းမီမီ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေး စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က လေဆိပ်အဆောက်အအုံ တိုးချဲ့ရေး လုပ်ငန်းတွင် ဘိုးပိုင်တိုင်များ တူးဖော်စိုက်ထူပြီးစီးမှု အခြေအနေ၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများနေ့ဆိုင်းညဆိုင်း ခွဲ၍ ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများ စံချိန်စံညွှန်းမီမီဖြင့် စီမံကိန်းကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းနှင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အင်အားပြည့်ပျံသန်းနိုင်ရေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့လေကြောင်း စက်မှုဌာနသို့ ရောက်ရှိ၍ လေယာဉ်များ အကြီးစားမွမ်းမံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီခရီးသည်များချိန်တွင် လေယာဉ်များ အင်အားပြည့် ပျံသန်းပြေးဆွဲနိုင်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သင်တန်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၉

အီလက်ထရောနစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ သင်တန်း(အချိန်ပိုင်း)နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်သော အခြေခံ ဒစ်ဂျစ်တယ် အီလက်ထရောနစ် သင်တန်း၊ အင်တာနက်သင်တန်း၊ တယ်လီဖုန်းလိုင်း တည်ဆောက်ရေးသင်တန်း၊ ကေဘယ်လ်လိုင်း တည်ဆောက်ရေးသင်တန်းနှင့် အော်တိုအိတ်ချိန်း လည်ပတ်ထိန်းသိမ်းရေး သင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force)ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ကြီး၊သင်တန်း ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၂၅ဦးတို့ တက်ရောက်ကြပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။

အီလက်ထရောနစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းမှာ အစိုးရဌာန အသီးသီးတွင် အီလက်ထရောနစ် အစိုးရလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး ဝန်ကြီးဌာန အသီးသီးမှ သင်တန်းသား ၆၆ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် ဖွင့်လှစ်သော အခြေခံ ဒစ်ဂျစ်တယ် အီလက်ထရောနစ် သင်တန်းတွင် သင်တန်းသား ၁၁ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်၊ အင်တာနက် သင်တန်းတွင် သင်တန်းသား ၂၄ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်၊တယ်လီဖုန်းလိုင်းတည်ဆောက်ရေးသင်တန်းတွင် သင်တန်းသား ၁၀ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်၊ ကေဘယ်လ်လိုင်း တည်ဆောက်ရေးသင်တန်းတွင် သင်တန်းသား ခုနစ်ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်နှင့် အော်တိုအိတ်ချိန်းလည်ပတ်ထိန်းသိမ်းရေးသင်တန်းတွင် သင်တန်းသား ခုနစ်ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ စာမေးပွဲများ ဖြေဆိုနိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတကာအဆင့်မီ စာမေးပွဲများကို ဖြေဆိုနိုင်ရန်အစီအစဉ်အဖြစ် Future Star Quality Training Centre မှ Level အလိုက်သင်တန်းများကို Four Skillsဖြင့် အခြေခံမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက် Five Levels System(KET, PET, FCE, CAE, CPE) စာမေးပွဲများကို ဖြေဆိုနိုင်ရန်နှင့် Young Learner များအတွက် Three Levels System (Starters, Movers, Flyers) Exams များ ဖြေဆိုနိုင်ရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ဖြေဆိုအောင်မြင်ပြီးပါက(UCLES)မှ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် IELTS, Business English Certificate(BEC I. II, III) နှင့် Hotel English သင်တန်းများ၊ အသက်သုံးနှစ်မှ ငါးနှစ်ကလေးများအတွက် အဆင့်မြင့် မူကြိုများကို ကျွမ်းကျင်သော Child Care-takers များက တာဝန်ယူသင်ကြားပေးလျက်ရှိသည်။ (က-ပ)

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံးကာတွန်းနှင့် စံရွှေမြင့်ကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ မြေဇာ၊ ဆောင်းဝင်းလတ်၊ စိန်ကတုံး၊ ဆြာကြီးထိန်၊ ဆြာလိုင်သက်ခင်း၊ သန်လျင်မောင်မောင်ဦး၊ ကာတွန်းမြင့်စိုးလေး၊မောင်ဉာဏ်ကျယ်၊ဖိုးဉာဏ်၊ ချစ်ကိုကိုယု၊ ဆကာကြီးထိပ်တင်ဗလရှင်၊ မာန်သွေးသစ်မင်း၊ ကျော်ဇော ဟိန်း(ဒေါပုံ)တို့၏ ဟာသရသအတွေးအရေးများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂၅)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

(ဝဲပုံ) (က-ပ)

ဘိန်းစိမ်း ၂၀ ဒသမ ၆၆ ကီလို ပင်လောင်းမြို့နယ်၌ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာ အုပ်စု ထီတလီကျေးရွာနေ ဦးအုန်း၏ သား ဦးပန်ဖေ ၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင် ဦးပန်ဖေအား ဘိန်းစိမ်း ၁၃ဒသမ ၇၂ကီလို၊ ငွေကျပ် ၁၁၀၀၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ တစ်ရွာတည်းနေ ဦးအုန်း၏ သား ဦးအေးမောင်အားနေအိမ်သို့ ဆက်လက်သွားရောက်ရှာဖွေခဲ့ရာ အိမ်ရှင် ဦးအေးမောင်အား ဘိန်းစိမ်း ၆ဒသမ၉၄ကီလိုနှင့် အတူထပ်မံဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်တွင် တရားခံနှစ်ဦးတို့အား စုစုပေါင်းဘိန်းစိမ်း ၂၀ ဒသမ ၆၆ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)



ဇန်နဝါရီ ၂ ရက်က ပင်လောင်းမြို့နယ်နေ ဦးပန်ဖေအား ဘိန်းစိမ်း ၁၃ ဒသမ ၇၂ကီလိုနှင့်အတူ ဖမ်းမိစဉ်။

(သတင်းစဉ်)

ဇန်နဝါရီ၂ရက်က ပင်လောင်းမြို့နယ်နေ ဦးအေးမောင်အား ဘိန်းစိမ်း ၆ ဒသမ ၉၄ကီလိုနှင့်အတူ ဖမ်းမိစဉ်။

(သတင်းစဉ်)

တိုင်းရင်းဆေးဝါးအသစ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသော ဒေါ်နုဆေးတိုက်မှ ဒေါ်နုအကြောပြေလိမ်းဆေး၊ ဒီမာရှုလိမ်း မောပြေလိမ်းဆေးနှင့် ဖိုးခွားချွဲကြေရင်လူးဆေးအပြင် ယခုထပ်မံ၍ အဓိက လက်ဖဝါးကွဲ၊ ခြေဖဝါးကွဲလိမ်းဆေးကို ထုတ်လုပ်ထားသည်။

ယင်းဆေးသည် အသားပတ်၍ ယားယံခြင်း၊ နူတ်ခမ်းဆီခြောက်၍ ကွဲခြင်း၊ လက်ဖဝါး၊ခြေဖဝါးများ အဆီခမ်း၍ အရေခွံကွာခြင်း၊ လက်ဖဝါး၊ ခြေဖနောင့်အက်၍ သွေးထွက်ခြင်း၊ ခြေလက်အသားမာတက်၊ ငါးမျက်စေ့ ဖြစ်ခြင်းစသည့် ဝေဒနာများကို ပျောက်ကင်းစေနိုင်သော အစွမ်းထက် တိုင်းရင်းဆေးတစ်လက်ဖြစ်သည်။

အဆိုပါ တိုင်းရင်းဆေးများကို ဒေါ်နုဆေးတိုက် အမှတ်(၂၃) ဒေါ်သိန်းတင်လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၉၃၈၅၊ ၀၉-၅၀၀-၄၀၄၇ နှင့် အမြို့မြို့ရှိဆေးဆိုင်တိုင်းတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာအဆင့်မီ လျှပ်စစ်သင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

ESA Engineering Group မှ နိုင်ငံတကာအတွေ့အကြုံရှိ လုပ်သက်ရင့် လျှပ်စစ်အင်ဂျင်နီယာများဦးစီး၍ နိုင်ငံတကာအဆင့်မီ ပင်လယ်ရေကြောင်းဆိုင်ရာ လျှပ်စစ်ပညာနှင့် စက်ရုံအလုပ်ရုံဆိုင်ရာ လျှပ်စစ်ပညာများကို အလွယ်တကူ သင်ယူနိုင်ရန် သင်တန်းများ ဖွင့်လှစ် ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းမှ ရေကြောင်းအင်ဂျင်နီယာများအတွက် Electrical Marine Technology ဘာသာရပ်နှင့် ပြည်တွင်းပြည်ပ၌ အလုပ်လုပ်ကိုင်ကြမည့်သူများအတွက် Motor Generator Transformer Repairing, Rewinding and Maintenance Course ဘာသာရပ်တို့ကို ကျွမ်းကျင်စွာ တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ ဇန်နဝါရီလဆန်း ဖွင့်လှစ်မည့်သင်တန်းများအတွက် ဒီဇင်ဘာ ၃၁ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီ ဖြစ်သည်။

စိတ်ပါဝင်စားသူများ Service Academy Training Centre အမှတ်(၁၀၆) မြေညီထပ် (၃၈)လမ်း (အောက်/လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ တက်ရောက် ကုန်းလှိုင်ကန် ရေဝပ်ဧရိယာ တူးဖော်မှု ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ သမံတလင်း–သိမ်ကုန်း ကျေးလက်ကျောက်ချောလမ်း လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက သမံတလင်းကျေးရွာလမ်း မုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က လမ်းသစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က သမံတလင်း–သိမ်ကုန်း ကျေးလက်ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကလည်း တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ သိမ်ကုန်းကျေးရွာဥက္ကဋ္ဌက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို တိုင်းမှူးအားလည်းကောင်း ပေးအပ်သည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသစ်မှာ လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်းငွေကျပ်သိန်း ၁၁၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရွှေညောင်မြို့ ကုန်းလှိုင်ကန် ရေဝပ်ဧရိယာ ပြန်လည်တူးဖော်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဖြိုးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကုန်းလှိုင်ကန်၏ အကျယ်အဝန်း ၆၅ ဧကရှိပြီး ယခင် ရေဝပ်ဧရိယာ ပမာဏမှာ ၈၅ ဧကပေဖြစ်ပြီး ပြန်လည်တူးဖော်ပြီး ဖြစ်ပေါ်လာမည့် ရေဝပ်ဧရိယာမှာ ၁၉၀ ဧကပေဖြစ်ကြောင်းနှင့် စိုက်ပျိုးဧရိယာအဖြစ် ကန်၏အထက်ဘက်တွင် ဧက ၉၀ နှင့် ကန်၏အောက်ဘက်တွင် ဧက ၂၉၀ တို့ကို အကျိုးပြုမည်ဖြစ်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၇ ရက်က ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌွေး ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သာကေတမြို့နယ် အလက (၄) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းက မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရ သတ္တမတန်းကျောင်းသူ မဆုဝေဖြိုးအား ဂုဏ်ပြု ဆုချီးမြှင့်စဉ်။ (က–ပ)

ကျိုးသဲ အထက မြတ်ဆရာပူဇော်ပွဲ စာပေဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ကျိုးသဲအထက၏ ရွှေရတုနှစ် အာစရိယမြတ်ဆရာပူဇော်ပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျိုးသဲမြို့ အထက ပညာ့ဗိမာန်ခန်းမကြီး၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်နိုင်

၁၉၅၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ကျိုးသဲအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုပါက ကျိုးသဲအထကကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထား ဖုန်း ၀၅၃–၂၅၄၉၀၊ ဦးသန်းကြွယ် ဖုန်း ၀၅၃–၂၅၄၉၀၊ ဦးသန်းအောင် ဖုန်း ၀၅၃–၂၅၄၉၀၊ ဦးသိုက်ထွန်း(ပြည်)ဖုန်း ၀၅၃–၂၁၉၄၀၊ ဦးဌေးဝင်း ဖုန်း ၀၅၃–၂၂၃၈၉၊ ဦးသန်းကြွယ် ဖုန်း–၈၅၊ ဒေါ်သန်းဆွေ ဖုန်း–၂၇၊ ဦးမြင့်ဒိုး ဖုန်း ၀၁–၆၅၀၀၅၁နှင့် ဦးစိုးနိုင် (ကျိုးသဲ ညွှန့်နိုင်)ဖုန်း ၀၁–၂၅၂၁၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ဇန်နဝါရီ ၁၈ ရက်က တပ်မတော်အရိုးကုဆေးရုံကြီး (မင်္ဂလာဒုံ)တွင် ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများအတွက် ရှိုင်းဟုတ်ကုမ္ပဏီ မေတ္တာမွန် သွေးလှူရှင်အဖွဲ့က သွေးလှူရှင်တစ်ဦး သွေးလှူဒါန်းမှုကို တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (ထပဆ)

အမေ့ကို ပူဇော်ခြင်းစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

စာရေးဆရာ၊ ကဗျာဆရာ ကိုရိုး၏ အမေ့ကိုပူဇော်ခြင်း စာအုပ်တွင် အမေ၏ဂုဏ်၊ အမေ၏အလှ၊ အမေ၏ ဘဝကို ကဗျာ ၂၃ပုဒ်၊ စာပဒေသာ ၂၃ပုဒ်ဖြင့် ဖော်ပြထားသည်။ **(ဝဲပုံ)**

ယင်းစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေ တိုက် ဖုန်း–၃၇၄၅၃၂၊ ၇၂၅၅၃၀၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် အခြားစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ (က–ပ)

ဗုဒ္ဓဘာသာဂုဏ်ရည် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ) (မဟာသဒ္ဓမ္မဇောတိကဓဇ) ရေးသားပြုစုသော ဗုဒ္ဓဘာသာဂုဏ်ရည် စာအုပ်ကို မြတ်ပန်းရဂုံစာပေ အမှတ်(၄၇၃–က) နီလာ(၆)လမ်း (၈)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အောက်ပုံ)** (က–ပ)

မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ – ၂၀၀၄ ကျိုင်းတုံနှင့် တာချီလိတ်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်က ချမှတ်ထားသော စီးပွားကူးသန်း ရှေ့သို့လှမ်း ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍရပ်များ ရှေ့သို့တက်လှမ်းနိုင်စေရန်၊ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေး မြင့်မားစေရန်နှင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၏ ခွင့်ပြုလမ်းညွှန်မှု၊ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာ့ထုတ်ကုန်

ကုန်စည်ပြပွဲ–၂၀၀၄ ကို ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိလည်းကောင်း Media Essential မှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်စုံစမ်း

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ တွင် အဆင့်မြင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာသရုပ်ပြတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးကို စနစ်တကျ စီစဉ်ပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Media Essential ဖုန်း–၀၁–၅၉၃၁၉၉ သို့ ဆက်သွယ်စုံစမ်း ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ (က–ပ)

ဦးဖေသိန်း၏ လျှပ်စစ်ဝါယာရင်း အတတ်ပညာစာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

လျှပ်စစ်ဝါယာ သွယ်တန်းခြင်း အလုပ်ကို တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်ဖူးခြင်း မရှိသေးသူများအတွက် အခြေခံမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် အသေးစိတ်ရှင်းပြထားသည်။

အိမ်ခန်းတစ်ခန်း၊ လုံးချင်းနေအိမ် နှစ်ထပ်၊ သုံးထပ်အိမ်များ၊ နှစ်ခန်းတွဲသုံးထပ်၊ လေးခန်းတွဲငါးထပ်၊ ခြောက်ခန်းတွဲလေးထပ် စသော အဆောက်အအုံများအတွက် ဝါယာသွယ်တန်းခြင်းများကို ပုံများစွာဖြင့် ရှင်းပြထားသည်။

ထို့အပြင် စက်ရုံ၊ အလုပ်ရုံ အငယ်၊ အလတ်၊ အကြီးတို့အတွင်း ဝါယာ



သွယ်တန်းပုံတို့ကိုလည်း အသေးစိတ် ဝါယာရင်းပုံစံများစွာဖြင့် ရှင်းပြထားပြီး လျှပ်စစ်စာပေ အမှတ်(၁၉၂)၊ သစ္စာလမ်းမကြီး (၁၂)ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–(၀၁) ၅၇၇၄၀၄၊ ၇၀၄၅၉၇၊ ဖက်(စ) ၅၆၁၈၆၈ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က–ပ)

အိုင်စီတီနည်းပညာနှင့် ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ရန် လူငယ်လူရွယ်များ၏ စွမ်းဆောင်ချက် မြင့်မားအောင် ဆောင်ရွက်

သတင်းဆောင်ပါး-ဌေးကြည်၊ ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ တတိယအကြိမ် Myanmar ICT ရက်သတ္တပတ်ပြပွဲနှင့် ဆွေးနွေးပွဲများကို Myanmar ICT Park တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်တွင် ဖွင့်လှစ်ပြသမည်ဖြစ်သည်။ ထိုပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ကြေးမုံသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ ရှေးဦးစွာ Myanmar Information Technology မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းသူရသက်က "ကျွန်တော်တို့ အဖွဲ့အစည်းကတော့ Software ရေးသားတဲ့ အဖွဲ့အစည်းဆိုတော့ ပြည်တွင်းအသုံးပြုတဲ့ Software တွေရော၊ ပြည်ပကို ရောင်းချတဲ့ Software တွေရော သရုပ်ပြဖို့ ရှိပါတယ်။ Software ကတော့ အစုံပါပဲ။ ဘဏ်မှာသုံးတဲ့ Software တွေ၊ ကုန်ပဒေသာဆိုင်ကြီးတွေမှာသုံးတဲ့ Software တွေကို ပြသွားဖို့ ရှိပါတယ်။ အချို့ Software တွေကတော့ ပြည်တွင်းသုံးတွေဖြစ်ပြီး တချို့ကျတော့ နိုင်ငံတကာမှာ အခု သုံးနေတဲ့ Soft ware တွေကို ပြဖို့ရှိပါတယ်။

ပြီးခဲ့တဲ့နှစ်ကစပြီးတော့ ဒီပြပွဲမှာ လာရောက်ပြသတဲ့ ကုမ္ပဏီတွေ ပိုမိုများပြားလာသလို စိတ်ဝင်တစားလာရောက်ကြည့်ရှုသူ ပရိသတ်တွေကလည်း များပြားလာတာ တွေ့ရပါတယ်။ တချို့အဖွဲ့အစည်းတွေက အရောင်းကို ဖောင်းပေးပြီး ကျွန်တော်တို့လို Software ကုမ္ပဏီတွေကျတော့ Software Engineer ရဲ့ အလုပ်ပိုင်းကို အဓိကထားပါတယ်။ လက်ကိုင်ဖုန်းတို့၊ ကွန်ပျူတာအသေးစားတို့မှာသုံးတဲ့ Software တွေရှိပါတယ်။ ဒါတွေကို ဒီမှာ မသုံးကြသေးပါဘူး။ ဒါတွေကိုလည်း ပြသသွားပါ့မယ်။ အဲဒီ Software တွေကို တကယ်အရောင်းကျတော့ ပြည်တွင်းအရောင်းအဝယ်မရှိသေးပါဘူး။ ပြည်ပအရောင်းပဲ ရှိပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ Software အသစ်တွေ၊ Application အသစ်တွေကို ပြသွားပါမယ်။

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဒီလုပ်ငန်းတွေ စတင်လုပ်ခဲ့တာ ခြောက်နှစ်၊ ခုနစ်နှစ်လောက်ရှိနေပြီဖြစ်ပါတယ်။ အစသုံးလေးနှစ်လောက်က ပြည်တွင်းကို ဖောင်းပေးပြီး အခု နောက်ပိုင်းမှာ ပြည်ပကို ရောင်းချနေပါပြီ။ ဒါကိုလည်း ပရိသတ်ကို ပြလိုပါတယ်။ အမှန်တကယ် ကျွန်တော်တို့ လုပ်ငန်းရဲ့ အခက်အခဲကတော့ ကျွမ်းကျင်တဲ့ ပညာရှင်များ ရရှိနိုင်ဖို့ပါပဲ။ လူငယ်တွေအနေနှင့် Software Engineer ရဲ့ ပညာရပ်ကို လုပ်ချင်လာအောင် ဆွဲဆောင်ဖို့ လိုအပ်ပါတယ်။

အခု လူငယ်တွေအပိုင်းကို ကြည့်မယ်ဆိုလျှင် အများအားဖြင့် Games တွေကို ကစားနေကြပါတယ်။ ဒီလို ကစားနေမည့်အစား ပညာရပ်ကို လေ့လာလိုက်စားမည်ဆိုရင် လူငယ်တွေမှာလည်း အကျိုးရှိသလို နိုင်ငံတော်မှာလည်း အကျိုးရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့အစည်းမှာ နိုင်ငံခြားကနေ ကွန်ပျူတာနှင့်ပတ်သက်ပြီး ဘွဲ့ရထားတဲ့ သူတွေရှိသလို ပြည်တွင်းက ဘွဲ့ရထားသူတွေလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့အစည်းအနေနှင့် ကွန်ပျူတာသုံးတတ်ရုံမဟုတ်ဘဲ ကွန်ပျူတာနှင့်အသက်မွေးဝမ်းကျောင်း ပြုနိုင်အောင် သင်ကြားပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့အစည်းအနေနဲ့ကလည်း Software ၂၀ ကျော် ၃၀ ရေးသားထားပြီးဖြစ်ပါတယ်။

ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ မိဘတွေအနေနှင့် ကိုယ့်သားသမီးတွေ ကွန်ပျူတာကိုင်နေရင်ပြီးရောဆိုပြီး သဘောမထားစေချင်ဘူး။ ဥပမာ Games တွေဆိုပါတော့၊ Games တွေကို ကစားနေလို့ကတော့ စွဲလမ်းသွားမယ်။ အကျိုးအမြတ် ဘာမျှရှိလာနိုင်မှာမဟုတ်ပါဘူး။ လူငယ်တွေအနေနှင့် Games တွေ ကစားနေမည့်အစား ကွန်ပျူတာနှင့်သက်ဆိုင်တဲ့ ပညာရပ်မျိုးကို လေ့လာလိုက်စား ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

ထို့နောက် မိမိတို့ကြေးမုံသတင်းအဖွဲ့သည် Myanmar World Distribution Co, Ltd. ဒါရိုက်တာ ဒေါ်ခင်အေးဝင်းကိုလည်း သွားရောက်တွေ့ဆုံခဲ့သည်။ ဒါရိုက်တာ ဒေါ်ခင်အေးဝင်းက "ကျွန်မတို့ ကုမ္ပဏီအနေနှင့် Software ဆိုင်ရာကို MICT Park တည်ထောင်ပြီးတဲ့ အချိန်ကစပြီး တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခဲ့ပါတယ်။ သက်တမ်းအားဖြင့် နှစ်နှစ်ပြည့်တော့မည်ဆိုပါတော့။ ဒုတိယနှစ်မှာတော့ ပထမနှစ်ထက်ပိုပြီးတော့ တိုးတက်လာပါတယ်။ ရောင်းတဲ့ ဈေးကွက်မှာလည်း ပိုပြီးတိုးတက်လာပါတယ်။

အခုလို ဆောင်ရွက်နိုင်ဖို့ဆိုရာမှာလည်း Software ကုမ္ပဏီတွေအတွက် နိုင်ငံတကာစံချိန်မီပစ္စည်းတွေ လိုပါတယ်။ တစ်ဦးတည်းလုပ်လို့လည်း မရပါဘူး။ နိုင်ငံခြားမှာ ရှိနေတဲ့ ကျွန်မတို့ရဲ့ ဖောက်သည်တွေနှင့် ဆက်သွယ်ရတာ ရှိတယ်။ Partner တွေနှင့်လည်း ညှိရတာမျိုးရှိပါတယ်။ ကျွန်မတို့အတွက် အချိန်တိုင်းဟာ အရေးကြီးပါတယ်။ MICT Park ရှိလို့သာ အခုလို တွင်တွင်ကျယ်ကျယ် လုပ်နိုင်တာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုရှိလို့သာ အခုလိုလုပ်နိုင်တာ ဖြစ်ပါတယ်။ ကျွန်မတို့ကုမ္ပဏီက ထုတ်လုပ်တဲ့ Software တွေကို ပြောမယ်ဆိုလို့ရှိရင် e-Learning Platform နှင့် ပတ်သက်တဲ့ Software တွေ ထုတ်ပါတယ်။ Business Management System လို့ခေါ်တဲ့ Electronic Business ကို စီမံခန့်ခွဲနိုင်မည့် Software တွေ ထုတ်လုပ်ပါတယ်။ နိုင်ငံတော်အစိုးရကနေပြီး အခြားဖွံ့ဖြိုးပြီး နိုင်ငံများက ပြုလုပ်နေတဲ့ e-government ဖြစ်ဖို့အတွက်ကိုလည်း ကျွန်မတို့အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေပါတယ်။ ကျွန်မတို့ထုတ်လုပ်တဲ့ ပစ္စည်းတွေထဲက တစ်ခုကတော့ 'Kinetic' Enterprise Portal ဖြစ်ပါတယ်။ Kinetic ဆိုတဲ့ အမည်ကတော့ ကျွန်မတို့ကုမ္ပဏီအနေနှင့် နည်းပညာမှာ အမြဲတိုးတက်ပြောင်းလဲအောင် ကြိုးစားနေရမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ပေးခဲ့တာဖြစ်ပါတယ်။ ဒီ Kinetic Portal ကို ၂၀၀၃ ခုနှစ် ဇူလိုင်လမှာ ရန်ကုန် MICT Park မှာပဲ နည်းပညာပိုင်းဆိုင်ရာ မိတ်ဆက်တဲ့ အခမ်းအနားလုပ်ခဲ့ပါတယ်။ အခု ဒီ Kinetic Portal ဟာ ပြည်တွင်းမှာရော ပြည်ပမှာပါ အောင်မြင်မှုရနေပြီဖြစ်ပါတယ်။

ကျွန်မတို့ အခုအချိန်မှာဆိုရင် ဒီ ICT နည်းပညာတွေနှင့် ကမ္ဘာမှာရှိနေတဲ့ ဆင်းရဲချမ်းသာ ကွာဟချက်တွေ၊ နည်းပညာပိုင်းဆိုင်ရာ ကွာဟချက်တွေကို ဖြည့်ဆည်းပေးနေပါပြီ။ နောက်ပြီး လူငယ်လူရွယ်တွေရဲ့ အရည်အသွေးတွေကို ပိုပြီးမြင့်မားလာအောင် ဆောင်ရွက်ပေးနေပါတယ်။ ဒါမှသာ လူ့အသိုင်းအဝိုင်းမှာရော၊ လူငယ်လူရွယ်တွေရဲ့ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာအောင်ရော ဆောင်ရွက်မှသာ ICT နည်းပညာနှင့် ကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် Suntac Technologies မှ အထွေထွေမန်နေဂျာ ဦးတင်မြင့်ကိုလည်း သွားရောက်တွေ့ဆုံခဲ့ပါသည်။ အထွေထွေမန်နေဂျာ ဦးတင်မြင့်က "ကျွန်တော်တို့ရဲ့ Suntac Technologies နှင့် သစ်တောရေးရာ ဝန်ကြီးဌာန မြေတိုင်းဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာတစ်နိုင်ငံလုံးရဲ့ မြေပုံသစ်တွေထုတ်လုပ်ဖို့ ဆောင်ရွက်နေပါတယ်။ မကြာမီနှစ်များမှာ ဆောင်ရွက်ပြီးစီးနိုင်ပါမယ်။

နောက်ပြီး မီးရထားလမ်းဖောက်လုပ်ရေး၊ ကားလမ်းဖောက်လုပ်ရေး၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေးတွေနှင့် စက်ရုံအလုပ်ရုံတည်ဆောက်ရေးတွေမှာ ခေတ်မီမြေတိုင်းကိရိယာများနှင့် ကွန်ပျူတာများ အသုံးပြုပြီး ဒီဇိုင်းများကို ရေးဆွဲနေပါတယ်။ Land Information System လို့ခေါ်တဲ့ မြေယာအချက်အလက် စနစ်တစ်ခုကို ကွန်ပျူတာ ပရိုဂရမ်ရေးဆွဲနေပါတယ်။ ဒီပရိုဂရမ်မှာ တစ်ဖက်မှာ မြေပုံတွေကို သိမ်းဆည်းထားပြီး တစ်ဖက်မှာကျတော့ မြေပိုင်ဆိုင်မှုရာဇဝင်ကို သိမ်းဆည်းထားမှာဖြစ်ပါတယ်။ အဲဒီလို သိမ်းဆည်းထားတဲ့အတွက် အချက်အလက်တွေကို လိုအပ်လာရင် အချိန်တိုအတွင်း ရယူနိုင်မှာဖြစ်ပါတယ်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် IT Training လုပ်ငန်းတွေကိုလည်း ဖောက်ချဆောင်ရွက်နေပါတယ်။ အဲဒီအထဲမှာ အင်ဂျင်နီယာများအတွက် မြေပုံထုတ်ခြင်း၊ မြေပုံတိုင်းတာခြင်းလုပ်ငန်းများအတွက် သင်တန်းများလည်း ဖွင့်လှစ်ပေးပါတယ်။ မကြာမီမှာ မော်တော်ကား၊ စက်ပစ္စည်းထုတ်လုပ်ရေး ဒီဇိုင်းများရေးဆွဲမည့် သင်တန်းများကို ဆက်လက်ဖွင့်သွားဖို့လည်း စီစဉ်ထားပါတယ်။

MIT ကွန်ပျူတာလုပ်ငန်းခွင်အား တွေ့ရစဉ်။
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

တက္ကသိုလ်များ၊ ကောလိပ်များနှင့် ပူးပေါင်းပြီး အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာများ၊ ပထဝီအချက်အလက်ဆိုင်ရာ နည်းပညာများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်က တာဝန်ယူ ဆောက်လုပ်နေတဲ့ အဆောက်အအုံများ ဆောက်လုပ်ရာမှာလည်း မြေသားစမ်းသပ်တိုင်းတာရေးကိရိယာများကို ကွန်ပျူတာများနှင့် ဆက်သွယ်အသုံးချ ဆောင်ရွက်နေတဲ့အတွက် ပိုမိုတိကျပြီး မြန်ဆန်မှန်ကန်တဲ့ အချက်အလက်တွေကို ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ဆောက်လုပ်တဲ့ အဆောက်အအုံတွေရဲ့ တည့်မတ်မှုကို တိုင်းတာတဲ့ ကိရိယာများကိုလည်း ကွန်ပျူတာများနှင့် ချိတ်ဆက်ပြီး နာရီမလပ် စောင့်ကြည့်နေမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း အခုဆိုလျှင် ဆည်မြောင်းတာတမံများ တည်ဆောက်ရေးနှင့် ရေအားလျှပ်စစ်လုပ်ငန်းများ တည်ဆောက်ရေးလုပ်ငန်းခွင်များမှာ Suntac Technologies ခေတ်မီတဲ့ နည်းပညာများကို အသုံးပြုနေကြပြီဖြစ်ပါတယ်"ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။ ။ (ကြေးမုံ)

ပန်းအလှပြင် ဆုချီးမြှင့်

ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သစ်သီးနှင့် ပန်းအလှပြင်သင်တန်း အမှတ်စဉ် (၂/၂၀၀၄) သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ပန်းအလှပြင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရကတ)

ကွန်ပျူတာအပိုပစ္စည်း ဈေးနှုန်းချိုသာစွာ ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၁၉

မြတ်သပြေ မိသားစု ကုမ္ပဏီလီမိတက်မှ နှစ်သစ်ကူး အရောင်းမြှင့်တင်ရေးကာလအတွင်း ကွန်ပျူတာ အပိုပစ္စည်းများဖြစ်သော မော်နီတာ၊ ကီးဘုတ်၊ မားသားဘုတ်၊ စကင်နာ၊ ပရင်တာ၊ လက်(ဖ်)တော့(ပ်)၊ မန်မိုရီ၊ ကေဇင်၊ စီဒီရွမ်၊ မောက်(စ်)၊ CPU၊ i Pop MP_3 Player၊ Organizer အမျိုးမျိုး၊ လိုင်းဖုန်း၊ ဂျီအက်(စ်)အမ်၊ ဆဲလူလာနှင့် မိုဘိုင်းဖုန်းအမျိုးမျိုး၊ ဒီဂျစ်တယ်ကင်မရာအမျိုးမျိုးနှင့် ဖန်စီပစ္စည်းမျိုးစုံကို ချိုသာမှန်ကန်သောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အသေးစိတ်သိလိုပါက ယုဇနပလာဇာရှိ မြတ်သပြေမီနီမတ်(၁) ဖုန်း ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၂၁၁၇)၊ မြတ်သပြေမီနီမတ်(၂) ဖုန်း ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၁၅၄၆)၊ ၇၀၃၆၇၆၊ မြတ်သပြေမီနီမတ်(၃) အမှတ်(၆၀) (၈၁)လမ်းနှင့်(၂၆ ဘီ) လမ်းထောင့် တောင်ဇလပ်ဟိုတယ် မြေညီထပ် မန္တလေးမြို့ ဖုန်း ၀၂-၆၀၆၅၅၊ ၆၀၉၀၉၊ မြတ်သပြေမီနီမတ်(၄) စက်ရုံလမ်း ဖုန်း ၀၁-၂၀၀၂၅၆၊ ၂၉၇၅၂၃ နှင့် မြတ်သပြေ ကွန်ပျူတာအရောင်းပြခန်း(၅) အမှတ်(၇၇) ကမ္ဘာအေး ဘုရားလမ်း၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၅၆၈၀၅၊ ၅၃၆၅၉၅တို့၌ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိုင်တီပညာဖွံ့ဖြိုးရေး သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)နှင့် The Association for Overseas Technical Scholarship (AOTS) တို့၏ ပူးပေါင်းဆောင်ရွက်မှုအရ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Instructor Training Course for FE (MYFEIT) သင်တန်းကို MICT Park ရှိ e-Learning Center တွင် ဖေဖော်ဝါရီ ၉ရက်မှစ၍ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အသက် (၂၀)နှစ်မှ အသက် (၄၀) အတွင်းရှိ ဘွဲ့တစ်ခုခုရရှိပြီး IT ပညာရပ်တွင် အတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိသူ၊ Instructor အတွေ့ အကြုံရှိသူများ ဇန်နဝါရီ ၂၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး ၆၅၂၃၀၇၊ ၇၀၇၅၀၃ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၁၇ ရက်က အမက (၂) ကမာရွတ်မြို့နယ်၏ ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ဆုရှီးမြှင့်ပွဲတွင် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် ရင်းနှီးစွာ နှုတ်ဆက်စဉ်။ (က-ပ)

လှူဝင်မှု ဒုတိယဝန်ကြီး လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ရက်တွင် ရခိုင်ပြည်နယ် ဂွမြို့သို့ ရောက်ရှိကာ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် ကင်းစခန်းချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သံတွဲမြို့သို့ ရောက်ရှိပြီး ခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ဇန်နဝါရီ ၁၇ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိပြီး တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြား

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၈ ရက်တွင် မြောင်းမြ-အိမ်မဲ-ဝါးခယ်မ မြစ်ဆုံသို့ရောက်ရှိပြီး ပင်လယ်ဘက်မှ သင်္ဘောများ၊ စက်လှေကြီးများ ဝင်၊ ထွက်သွားလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ (သတင်းစဉ်)

ထားဝယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၉

ထားဝယ်အသင်း နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အလုံမြို့နယ်ရှိ ဇမ္ဗူရတနာပါဠိတက္ကသိုလ် (ထားဝယ်ဘုန်းကြီးကျောင်း)၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးမေအောင်က ဆောင်ရွက်ပြီး အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို အတည်ပြု၍ ၂၀၀၄ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးဖေညွှန့်ပါဝင်သည့် အမှုဆောင် ၂၁ဦးကို ရွေးချယ်သည်။ (က-ပ)

တိုးဝါ အိမ်အလှဆင်လုပ်ငန်းမှ ကျောက်ပြားများဝယ်ယူနိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

တိုးဝါ အလူမီနီယံနှင့် အိမ်အလှဆင်လုပ်ငန်းမှ ကမ္ဘာလုံးတံဆိပ် မီး၊ ရေဒဏ်တာရှည်ခံ ဆောက်လုပ်ရေးဘုတ်ပြားများကို သုံးစွဲသူများအတွက် တရုတ်နှစ်သစ်ကူး အထူးအစီအစဉ်နှင့် အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးမည်။ ကမ္ဘာလုံးတံဆိပ် မီးခံပြားသည် မီးအပူရှိန် ၈၀၀ ဒီဂရီစင်တီဂရိတ်ထိခံနိုင်ပြီး ရေစိမ်ခံနိုင်သည့်အပြင် အချိန်ကြာမြင့်စွာ သုံးနိုင်သည်။ လွှတိုက်၊ ရွှေပေါ်ထိုး၊ တူ(သို့)ဂမ်းဖြင့် သံရိုက်၊ ကော်ကပ်၊ ကြွေပြားကပ်ခြင်းများပြုလုပ် နိုင်ပြီး အသံလုံပြီး မျက်နှာပြင် ဒီဇိုင်းအစုံ မှာယူနိုင်ပါသည်။ မှန်၊အလူမီနီယံ၊မျက်နှာကြက်၊ ကောနစ်၊ စတိန်းလက်စတီး၊ သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ ပါကေးခင်းခြင်း၊ ဆေးသုတ်ခြင်း၊ Wall Paper များကိုလည်း တိုးဝါ အိမ်အလှဆင်လုပ်ငန်းမှ ဆောင်ရွက် ပေးလျက်ရှိသည်။ အသေးစိတ်သိလို ပါက အမှတ်(၂၀၉) ရွှေဂုံတိုင်မီးပွိုင့် အနီး ဗဟန်းမြို့နယ် ဖုန်း-၀၉၈၀-၂၄၄၆၁၊၀၉၅၀၀-၂၇၈၃၊၀၉၅၀-၁၂၉၃၆ နှင့် ၀၁-၅၅၈၀၇၇၊ ၇၀၄၁၆၁၊ E-mail-Utnl@mpt.mail.net.mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဗျူတီမက်စ်မဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

အယ်ဒီတာချုပ် နွယ်ဦးလှိုင်စီစဉ်တည်းဖြတ်သည့် Beauty M@x မဂ္ဂဇင်း အမှတ် (၂)ကို ဖေဖော်ဝါရီလ ထုတ်အဖြစ် ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်း၌ အလှအပ၊ ဖက်ရှင်၊ ကျန်းမာရေးနှင့် သက်ဆိုင်သော သုတရသ စာပေလက်ရာများ အပြင် လေးရောင်အချပ်ပို မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ၊ နာမည်ကျော် အနုပညာရှင်များပြောသည့် အမေအကြောင်း၊ ကိုရီးယားမင်းသား မင်းသမီးများ၏ လေးရောင်အလှဓာတ်ပုံများနှင့် ကိုယ်ရေး အချက်အလက်များ၊ လမင်းမိုမို၏ဝတ္ထု အစရှိသည်များ ပါဝင်ပြီး နေလစာပေ အမှတ် (၁၈၃) (၃)လမ်း ဖုန်း-၇၀၃၈၂၃မှ ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုလွှာ

မြန်မာအမျိုးသမီးရွှေဆောင်ရှင်များအသင်း ... (AUNG AUNG ENTERPRISE) ... ၂၀၀၃ ခုနှစ် ...

ဦးကျော်စိန် - ဒေါ်ရှင်ရှင်

(ကားတင်ယာဉ်ကြီးတိုက်)



ပိန်ချင်တယ်ဆို ထူးသွယ်ကတော့ "မှုယ်" ဘဲပေါ့

ထူးသွယ်

ဓာတုဆေးဝါးမပါဝင်ပါ

ခန္ဓာကိုယ်အချိုးကျ လှပစွာ ပိန်လိုသူများ ... ကိုယ်ဝန်ဆောင်များ ... "ထူးသွယ်"ကို သုံးပါ။

မှတ်ချက် ။

Oceanic Pleasure Cruise

ချင်းတွင်း ပင်လယ်သွား အပျော်စီးရေယာဉ်

တရုတ်နှစ်သစ်ကူးရဲ့အားလပ်ရက်တွေကို ဘယ်လိုအကျိုးရှိရှိ အသုံးချမလဲ



မိမိအစီအစဉ်နဲ့ သွားဘို့ခက်ခဲတဲ့ ကိုကိုးကျွန်းကို လေ့လာဘို့ စီစဉ်လိုက်ပါလား . . . ?

ထွက်ခွာမည့်နေ့ /အချိန် - ၂၃.၁.၂၀၀၄(သောကြာနေ့) နေ့လည် (၂း၃၀)နာရီ / **ထွက်မည့်ဆိပ်ကမ်း** - နန်းသီတာဆိပ်ကမ်း (ပန်းဆိုးတန်း)

နှုန်း - လူကြီး ကျပ် ၄၀,၀၀၀၊ ခလေး ကျပ် ၂၅,၀၀၀ (၁၂ နှစ်အောက်) /**ပျော်ဖြေမှု** - ချင်းတွင်းလုပ်ဖျော်ဖြေမှုများရဲ့ အဆိုအကများ၊ ဟာသမျက်လှည့်

စားသောက်ဖွယ်ရာ ＊ မြန်မာ၊ တရုတ်၊ ဥရောပ အစားအစာများကို စိတ်ကြိုက် ဝယ်ယူစားသုံးနိုင်ပါသည်။

လေ့လာစရာများ - လှိုင်းလေကင်းစင်တဲ့ အခုလိုပွင့်လင်းရာသီမှာ ပင်လယ်ပြာကြီးနဲ့ ပဏာတင့်နေတဲ့ ကိုကိုးကျွန်းအလှ၊ လွမ်းမောဖွယ်ရာ မင်္ဂလာကျွန်းနဲ့ မီးပြတိုက် ရှုခင်းအပြင် ကျွန်းသူ ကျွန်းသားများရဲ့ လူနေမှုဘဝလေ့လာစရာများ။

＊ ＊ လူဦးရေကန့်သတ်ထားပါ၍ ကြိုတင်လက်မှတ်ဝယ်ယူကြပါရန် ＊ ＊ လက်မှတ်နောက်ဆုံးဝယ်ရန် ၂၁.၁.၂၀၀၄ရက် ညနေ(၄)နာရီ

လက်မှတ်ဝယ်ရန်နေရာများ ＊ (၁) အမှတ် ၁၂၉ (မြေညီထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ၂၇၇၆၉၁၊ ၂၉၂၄၅၉၊ ၀၉ ၈၀ ၂၁၁၃၃၊ ၀၉ ၈၀ ၃၃၉၈၁

＊ (၂) နီလာအထည်ဆိုင်၊ အမှတ် ၄၉၉ - ၅၀၀ အရှေ့ ဘီရုံ ဗိုလ်ချုပ်ဈေး၊ ၃၇၇၅၈

အိန္ဒိယသံရုံး၊ ရန်ကုန်မြို့ ဖိတ်ကြားချက်

အိန္ဒိယနိုင်ငံ၏ (၅၅)ကြိမ်မြောက် သမ္မတနိုင်ငံတော်နေ့ နှစ်ပတ်လည် အချိန်သမယတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာရာဂျစ်ကူးမားဗားတီးယားသည် ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်၊ တနင်္လာနေ့၊ နံနက် ၈း၃၀နာရီတိတိတွင် အမှတ် (၅၄၅-၅၄၇)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးတွင် ပြုလုပ်ကျင်းပမည့် အခမ်းအနား၌ အိန္ဒိယနိုင်ငံတော်အလံအား လွှင့်တင်မည်ဖြစ်ပါသည်။ အိန္ဒိယအမျိုးသားများ အားလုံးနှင့် အိန္ဒိယနိုင်ငံ၏ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား တက်ရောက်ကြပါရန် လှိုက်လှဲပျူငှာစွာ ဖိတ်ကြားအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကြော်ငြာစာအမှတ်(၁/၂၀၀၄)

(၂၀၀၄ခုနှစ်၊ ဇန်နဝါရီ(၂၀)ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာနိုင်ငံအစိုးရ ပုံနှိပ်တိုက် မန္တလေးတွင်ခန့်အပ်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်-

	ရာထူး/လစာနှုန်း	ပညာအရည်အချင်း	ဦးရေ
(က)	စက်ပြင်/လျှပ်စစ်ကျွမ်းကျင်-၃၊ (၄၈၀၀-၁၀၀-၅၃၀၀)	G.T.I (စက်/လျှပ်စစ်) အောင်မြင်သူဖြစ်ရမည်	- ၄
(ခ)	အငယ်တန်းစာရေး/စာရင်းကိုင်-၄ စီစဉ်ရေး (၄၂၀၀-၁၀၀-၄၇၀၀)	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။	- ၁၀
(ဂ)	လက်နှိပ်စက်ရိုက် (၄၂၀၀-၁၀၀-၄၇၀၀)	အခြေခံအလယ်တန်းအောင်မြင်၍ လက်နှိပ်စက်အောင်လက်မှတ်ရှိရမည်။	- ၁
(ဃ)	ပုံနှိပ်ကျွမ်းကျင်-၄(ကွန်ပျူတာ) (၄၂၀၀-၁၀၀-၄၇၀၀)	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ပြီး ကွန်ပျူတာတတ်ကျွမ်းရမည်။	- ၄
(င)	ပုံနှိပ်ကျွမ်းကျင်-၄(စက်) (၄၂၀၀-၁၀၀-၄၇၀၀)	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။ T.H.S အောင်မြင်ရမည်။	- ၁၀
(စ)	စက်မှုကျွမ်းကျင်-၅ (၃၆၀၀-၁၀၀-၄၁၀၀)	T.H.S အောင်မြင်ရမည်။(စက်မှုလက်မှု)	- ၈
＊ (ဆ)	လုပ်သား(ပုံနှိပ်)(ကျား) (၃၀၀၀-၁၀၀-၃၅၀၀)	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	- ၄၀
(ဇ)	လုပ်သား(စာအုပ်ချုပ်) (ကျား-၁၅/မ-၁၅) (၃၀၀၀-၁၀၀-၃၅၀၀)	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	- ၃၀
(ဈ)	လုပ်သား(ဓာတ်ပုံ) (ကျား)	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	- ၁၀
(ည)	လုံခြုံရေး (၃၀၀၀-၁၀၀-၃၅၀၀)	မြန်မာစာ ရေးတတ်၊ဖတ်တတ်ရမည်။	- ၂
(ဋ)	သန့်ရှင်းရေး (၃၀၀၀-၁၀၀-၃၅၀၀)	မြန်မာစာ ရေးတတ်၊ဖတ်တတ်ရမည်။	- ၂

မှတ်ချက်။

＊ (၁) ပုံနှိပ်လုပ်သားများအတွက် အရည်အချင်းပြည့်ဝမှုပေါ်မူတည်၍ ချက်ချင်းပုံနှိပ်ကျွမ်းကျင်-၅ ရာထူးသို့ တင်ပေးမည်။

(၂) အခြားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်ရရှိမည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁-၁-၂၀၀၄)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ရာထူးအားလုံးအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အလုပ်သမား(လေဘာ) မှတ်ပုံတင်လက်မှတ်ရှိရမည်။

(ဃ) မန္တလေးတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ရန်ကုန်/မန္တလေးတွင် သင်တန်းလာရောက်တက်နိုင်သူများဖြစ်ရမည်။

၃။ အထက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများသည် အမျိုးသားမှတ်ပုံတင်၊ လေဘာ၊ ကျောင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်များနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်၃၇၉/၃၈၃၊ဗိုလ်အောင်ကျော်လမ်း ရန်ကုန်နှင့် စာတည်းမှူး၊ ကိုယ်ပွားသတင်းစာတိုက်၊ လမ်း၂၀နှင့် ၂၁လမ်း၊ ၈၂နှင့် ၈၃လမ်းကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မန္တလေးမြို့သို့ (၅-၂-၂၀၀၄)နေ့အရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။

ရေတာရှည်၌ မြေသားလမ်း ပြုပြင်ဆောက်ရွက်

ရေတာရှည် ဇန်နဝါရီ ၅

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နန်ချွန်-စိုင်တမော့ ကျေးလက်ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းနေမှု၊ မြေသားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်အောင်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်း ၁၂ခု၊ မြို့ပြလမ်းတံတား၊ ရေပေးရေးလုပ်ငန်းငါးခုကို ငွေ၉၅၈၄၀၆၉ ကျပ် အကုန်ကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

(မြို့နယ်စည်ပင်)

ပုတီးကုန်းအမက ငွေပဒေသာပင်စိုက်ထူ

မြို့သစ် ဇန်နဝါရီ ၄

မကွေးတိုင်း မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာ အမက တတိယအကြိမ် ငွေပဒေသာပင် စိုက်ထူပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ နိုဝင်ဘာ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့နေ ဦးသိန်းဝင်းက ကျောင်းရေတွင်းနှင့် ရေချိုးခန်း ဆောက်လုပ်ရန် ငွေကျပ် ၂၂၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့နေ ဦးနိုင်ဝင်းနှင့် အခြားအလှူရှင်များက ငွေကျပ် ၁၇၅၉၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်နိုင်ထွန်းက လက်ခံရယူသည်။ **(က-ပ)**

မြို့နယ် သတင်းများ

ပိန်းဇလုပ်မြို့ ရန်အောင်မြင်စေတီတော် ပန္နက်တင်

ပိန်းဇလုပ် ဇန်နဝါရီ ၁၀

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ရွှေပေါက်ကံ(၂)ရပ်ကွက် မြို့ဦးကျောင်းတိုက်အတွင်းရှိ ကျပ်သိန်း ၁၅၀ ခန့် အကုန်အကျခံ တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၂၇ ပေအမြင့်ရှိ ရန်အောင်မြင်စေတီတော်ကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်က ကျင်းပရာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဓဇကနှင့် အလှူရှင်တို့က ပန္နက်တော်များ ရိုက်ပေးကြသည်။ **(အပေါ်ပုံ)**

ပါဝင်လှူဒါန်းလိုသူများသည် ရန်ကုန်မြို့ ဖုန်း-၅၄၅၂၇၁၊ ပိန်းဇလုပ်မြို့ ဖုန်း-၄၃နှင့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဓဇကတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၅၂)

ဒီဇင်ဘာ အားကစားလ လမ်းလျှောက်ပွဲကျင်းပ

ကွမ်းလုံ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို စနေအပတ်စဉ်အလိုက် ကျင်းပခဲ့သည်။

စုပေါင်း လမ်းလျှောက်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ရပ်ကွက်ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။ **(၄၆၄)**

ချင်းပြည်နယ်ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမှာကြား

ဟားခါး ဇန်နဝါရီ ၁၀

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ချင်းပြည်နယ် ထန်တလန်မြို့နယ်သို့ ရောက်ရှိပြီး ထန်တလန်-နှာရိန် လမ်းကြောင်းပေါ်ရှိ ကျောက်ထုတ်လုပ်နိုင်မည့် နေရာသို့ ရောက်ရှိရာ ကျောက်စုဆောင်းထုတ်လုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထန်တလန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် မြို့တွင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရိခေါဒါရ်မြို့သို့ သွားရောက်ပြီး တီးတိန်-ရိခေါဒါရ်မြို့ လမ်းကြောင်းပေါ်ရှိ မန်ဆွောင်း ကြိုးတံတားလုပ်ငန်းခွင်နှင့် ဝက်မွေးမြူရေးစခန်း ဆောက်လုပ်ရန် မြေနေရာလျာထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် တီးတိန်မြို့သို့ ရောက်ရှိပြီး မြို့တွင်းသာယာလှပရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ချင်းပြည်နယ် တီးတိန်မြို့သို့ ပေးအပ်လှူဒါန်းသည့် မီးသတ်ယာဉ်ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်သည်။

မှာကြား

ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျီးခါးမြို့သို့သွားရောက်ပြီး တွန်းဇန်-ကျီးခါး လမ်းကြောင်း၌ ကျောက်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဒီဇင်ဘာ ၁၂ ရက်နံနက်တွင် တွန်းဇန်မြို့သို့ ရောက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ မြို့တွင်း သာယာလှပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားပြီး ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုကိုလည်းကောင်း၊ ကလေး-ဖလမ်း-ဟားခါး လမ်းကြောင်းတစ်လျှောက်နှင့် ကျောက်လမ်းမှ ကတ္တရာလမ်း တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားသည်။

(ခရိုင်ပြန်/ဆက်)

(၃၉)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ဇုန်(၄) ပထမအဆင့် အုပ်စုပတ်လည်ကွင်းဖွင့်ပွဲကို ကျုံပျော်မြို့ ပြည်သူ့အားကစားကွင်းတွင် ဒီဇင်ဘာ ၈ ရက်က ကျင်းပရာ ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြက ကွင်းဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

စာဆိုတော်နေ့ စာပေပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ပဲခူး ဇန်နဝါရီ ၉

ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲ ဆုနှင်းပွဲကို ဒီဇင်ဘာ ၂၈ ရက် ည ၇ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၊ သီရိဟံသာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ်အမှုဆောင်ကော်မတီဝင် ဦးစိန်လင်း (ဆက်နောင်)က ဖတ်ကြား၍ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများကို စာရေးဆရာကြီးများက ဆုချီးမြှင့်ကြသည်။

ဟောပြော

ထို့နောက် စာရေးဆရာ မောင်သိန်းဆိုင် အမျိုးသားစာပေဆုရ စာရေးဆရာ ချစ်စံဝင်း၊ အမျိုးသားစာပေဆုရ စာရေးဆရာမ မိချမ်းဝေ၊ အမျိုးသားစာပေဆုရ စာရေးဆရာမ သန်းမြင့်အောင်တို့က စာပေရေးရာများကို ဟောပြောကြသည်။ **(၄၀၃)**

ကန့်ဘလူမြို့နယ် စည်ပင်သာယာလမ်းဖွင့်

ကန့်ဘလူ ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာနှစ်အတွင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော စည်ပင်သာယာလမ်း (ကျောက်ချောလမ်းသစ်) ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၇နာရီခွဲတွင် ကျင်းပရာ **(အပေါ်ပုံ)** စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀ ခန့် တက်ရောက်ကြသည်။

ယင်းစည်ပင်သာယာလမ်း (ကျောက်ချောလမ်း)သည် အရှည်ပေ ၁၄၇၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းသစ်ဖြစ်ပြီး ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၇၆၀၀၀၀၊ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄၇၀၀၀ စုစုပေါင်း ကျပ် ၁၈၀၇၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(က-ပ)**

မြို့နှင့်ကျေးရွာဆက်လမ်း ဖောက်လုပ်မည်

ခင်ဦး ဇန်နဝါရီ ၇

ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြိုင်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာ၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ ကျေးရွာစည်းရုံးရေးတာဝန်ခံတို့သည် ဒီဇင်ဘာ ၂၅ ရက်က အသစ်ဖောက်လုပ်မည့် ခင်ဦးမြို့နှင့် ငှက်ပျောရွာ ဆက်သွယ်သော ကျေးလက်လမ်းဖောက်လုပ်ရန် လမ်းကြောင်းရှာဖွေမှုကို ကွင်းဆင်းစစ်ဆေးသည်။ ယင်းလမ်းသည် အရှည် ၂ဒသမ၄ မိုင်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၃ဒသမ၆ သိန်းကျခံ၍ ကျေးရွာလူထုနှင့် ပူးပေါင်းဖောက်လုပ်သွားမည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

ရောဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ခုံဇင်ကုန်းကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၈ ရက်က ရောဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဘိုရွှေက နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၄၈၇)

မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ –၂၀၀၄ လားရှိုး၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ–၂၀၀၄ Myanmar Products Expo'2004ကို ဖေဖော်ဝါရီ ၆ရက်မှ ၁၀ရက်အထိ လားရှိုးမြို့ နန်းဟော်ဝန် ဥယျာဉ်တွင် Dragon Exhibitions Limited မှ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပမှ အလှကုန်နှင့် လူသုံးကုန်အဝတ်အထည်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း အမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူ၊ စာရေးကိရိယာပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းအမျိုးမျိုး၊အရေပြားအလှအပ ထိန်းသိမ်းရေးနှင့် စက္ကူအာရုံသုံး ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါး ပစ္စည်းအမျိုးမျိုးတို့ကို ကံစမ်းမဲအစီအစဉ်များ၊ ပြခန်းအလှဆုံး ပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

(က–ပ)



ကံချွန်(စံပြဘောဂဗေဒ) မျှော်မှန်းမေးခွန်းလွှာဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ဆရာဦးကံချွန် (စံပြဘောဂ) ပြုစုသည့် မျှော်မှန်းမေးခွန်းလွှာ စာအုပ်သည် ပြည်နယ်၊တိုင်း မေးခွန်းပုံစံများနှင့်အညီ အမေးအများဆုံးနှင့် အရေးအကြီးဆုံးများကို အကောင်းဆုံးဖြစ်အောင် စီစဉ်ထားသည်။

ယင်းစာအုပ်ကို စိုးစံစာပေ အမှတ်(၂၉) သတိပဋ္ဌာန်လမ်း တာမွေမြို့နယ် ရန်ကုန် ဖုန်း–၅၄၆၁၅၀၊ ၀၉၅ ၀၁၈၆၉၈ က ရောင်းဈေး ၅၀၀ကျပ်ဖြင့် ဖြန့်ချိထားသည်။

(အပေါ်ပုံ)(က–ပ)

ဆုချီးမြှင့်

ဇန်နဝါရီ ၁၅ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမျိုးသားသရုပ်ဆောင် ဘောလုံးအသင်းနှင့် Winner လူငယ်ဘောလုံးအသင်းတို့ နဝဒေး အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ အနိုင်ရရှိသွားသော အမျိုးသား ရုပ်ရှင်သရုပ်ဆောင် ဘောလုံးအသင်းအား Winner အားကစားပဒေသာဥက္ကဋ္ဌဦးတောက်ထွန်းက ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပုတီးသမားလက်စွဲ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

သုတေသီမြင့်ထွန်း၏ ပုတီးသမားလက်စွဲစာအုပ်တွင် အလုပ်ကိုလုပ်လျှင် အကျိုးရနိုင်သည်ဟု ယုံကြည်ချက်၊ ခံယူချက်ရှိသူတိုင်းသည်ပုတီးစိပ်ခြင်း အလုပ်ကိုလေးစားစွာအသိအမှတ် ပြုရပေမည်။ ပုတီးစိပ်ခြင်းမှ ရရှိအပ်သော အကျိုးတရားကိုလည်းလက်ခံရမည်ဖြစ်သည်။

ယင်းစာအုပ်ကို စိုးစာပေ ၅၅–အီး၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်း ရန်ကုန်မြို့က ဖြန့်ချိထားသည်။

(ယာပုံ)(က–ပ)

နှစ်ထပ်ယောဂီဆောင် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်၊ မာဃလမ်း အလျားပေ ၃၀၀၊ အနံ ၁၂၅ ပေရှိ မာဃဓမ္မာရုံတော်ကြီး၏ ဝင်းအတွင်း အလျားပေ ၆၀၊ အနံ ပေ၃၀နှစ် ထပ်ယောဂီဆောင်တည်ဆောက်လျက်ရှိရာ စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် (စနေနေ့) နံနက် ၉နာရီတွင် ယင်းဓမ္မာရုံတော်ကြီးအတွင်း၌ ကျင်းပမည်ဖြစ်ရာ မာဃဓမ္မာရုံကြီးတွင် လည်းကောင်း၊ ယောဂီဆောင် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သာထွန်း ဖုန်း–၅၇၂၂၅၈နှင့် ဘဏ္ဍာရေးမှူး ဦးဝမ်နီ ဖုန်း–၇၀၈၆၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မောင်ပေါ်ထွန်းစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်(၁၅၃)၊ ၅(က) လွှာ၊ QUALITY PUBLISHING HOUSE စာအုပ်တိုက် ဖုန်း–၇၂၁၀၆၇၊ ၇၀၆၄၁၄ က စာရေးဆရာမောင်ပေါ်ထွန်းဘာသာ ပြန်သော သေပြေးရှင်ပြေးစာအုပ်ကို တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

(ယာပုံ) (က–ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၉

မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကွင်းတွင် ဒီဇင်ဘာ ၁၉ ရက်က ဦးတင့်ဆန်း(M.D, A.C.E Construction)သည် ကစားဖော်များဖြစ်ကြသော ဦးစသန်းဦး (Director, A.C.E Construction)၊ ဦးဘိုဘိုသွင် (Director, A.C.E Construction)၊ ဦးစိန်ဝင်း(တိုင်း/ကျန်းမာ)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကိုက် ၁၅၀ကွာဝေးသော ကျင်းအမှတ်(၂)၌ Rey Grande No-2 ဘောလုံးအား Mizuno Aspram No-6 သံတုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်း သိရသည်။

(က–ပ)

ခေတ္တရာအသင်း နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ခေတ္တရာအသင်းရန်ကုန်(ပြည်၊ရွှေတောင်၊ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)၏ (၈၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ခတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

စုံစမ်းနိုင်

ဆက်သွယ် လှူဒါန်းလိုသူများသည် ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးငွေအောင် ဖုန်း–၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးတင်ထွန်း ဖုန်း–၅၁၀၂၁၅၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ ဒေါ်ဝင်းဝင်း ဖုန်း–၂၁၂၇၁၅၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း–၅၂၆၃၄၃နှင့် ဒေါ်ခင်မာလာနွယ် ဖုန်း–၂၈၄၉၁၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

နှစ်သစ်ကူးအထူးလျှော့ဈေး
၁၀%မှ ၂၀%ထိ
အရှေ့တိုင်း မျက်မှန်
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 280458
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

မောင်ကိုယု
မဂ္ဂဇင်းဝတ္ထုရှည်များ
[၁]

Day Car Rental
Ph:542361,09-5008015

နှစ်သစ်ကူး အထူးလျှော့ဈေး အစီအစဉ်
SWAN တံဆိပ် Binding Tape $1\frac{1}{2}$"ကိုက်ပြည့်များကို ယခုအထူးအစီအစဉ်ဖြင့် 30% Discount ဦးရာလူစနစ်ဖြင့် အမြန်ရောင်းမည်။ **အရောင်(၅)မျိုးရှိသည်။**
ပစ္စည်းအရေအတွက်ကန့်သတ်ထားပါသည်။
၂၀–၁–၂၀၀၄ မှ ၂၀–၂–၂၀၀၄ အထိသာ
ဆက်သွယ်ရန်–အမှတ်–၉၆/D၊ (၅၂)လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း–၂၉၄၅၉၀။

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၃က/၈၄၃၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

LIVE AT Sedona
EMPEROR
ROCK NITE,
BIRTHDAY
PARTY...
21,JANUARY, WEDNESDAY,2004
Sedona Hotel (01-666900)
Ginza Pan (01-379234)
7:30Pm

ပါမောက္ခဒေါက်တာဒေါ်ချိုလေးမာ
နှလုံးရောဂါများအကြောင်း

ပုလောမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

၂၀၀၃ခုနှစ်၊ ပုလောမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်ကြွရောက်ချီးမြှင့်ပါရန် လေးစား စွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်–၁၃၆၅ခု၊ တပို့တွဲလဆန်း(၁၀)ရက်
၃၁-၁-၂၀၀၄(စနေနေ့)
အချိန်– နံနက်(၈း၃၀)နာရီ
နေရာ– ဟိုတယ်နှင့်ခရီးသွားလာရေးဓမ္မာရုံ၊ (ယခင်စားဖျော်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံအရှေ့မုခ်၊ အလယ်ပစ္စယံ) အကျွေးအမွေးဖြင့် ဧည့်ခံပါမည်။

အမှုဆောင်အဖွဲ့
ပုလောမြို့နယ်အသင်း။

သားငယ်လေးသို့ မွေးနေ့ဆုမွန်

ချစ်သောသားငယ်လေး **ညီညီသစ်**၏ ၂၀-၁-၂၀၀၄နေ့တွင် ကျရောက်သော (၁၀)နှစ်ပြည့်မွေးနေ့မှသည် နှစ်ပေါင်း (၁၂၀)တိုင် ဘဝခရီးကို ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပြီး အောင်မြင်မှုများရစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

နှစ်ဖက်သော ဘွားဘွား၊ ဘဘ–ကြီးကြီး
လေးလေး–အန်တီ၊ ကိုကို–မမ၊ ညီလေး–ညီမလေးများနှင့်
ချစ်ဖေဖေ–ဗိုလ်မှူးတင်ဌေး–ချစ်မေမေ–ဒေါ်ခင်လှလှ
ချစ်ကိုကြီး–ကိုကိုချစ် (အထက–တာချီလိတ်)။

ကမာရွတ်၊ ဒေါ်သာထက်အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ (၂၀၀၄)ခုနှစ်
ဖိတ်ကြားလွှာ

ကမာရွတ်၊ ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၀၄ခုနှစ် **အာစရိယပူဇော်ပွဲ** ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်
နေ့ရက် – (၃၁-၁-၂၀၀၄)စနေနေ့
အချိန် – နံနက်(၉း၀၀)နာရီ
နေရာ – စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံကြီး ဗဟန်း(၃)လမ်းထိပ်၊ ကန်တော်ကြီး(ဓာတ်ဆီဆိုင်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းရန်
ဦးကိုကိုလေး(တရားရုံးချုပ်ရှေ့နေ) – ၅၂၄၀၇၃ ဦးစံသူ – ၅၇၈၉၂၁
ဦးတင်မောင်ဆန်း – ၅၃၄၅၇၈ ဒေါ်မေမေထွန်း – ၅၁၂၁၁၀

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့။

အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

၁၉၆၈ မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၄-၁-၂၀၀၄(စနေနေ့) နံနက် ၉နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၌လည်းကောင်း၊ "မေ့ပါနိုင်"ပျော်ပွဲရွှင်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၄-၁-၂၀၀၄(စနေနေ့) ည ၇နာရီတွင် မန္တလေးမြို့၊ ဒေးဝန်းရပ်၊ ၃၅လမ်းရှိ မြစိမ်းရောင်ခန်းမတွင်လည်းကောင်းကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအခမ်းအနားသို့ တက်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများသည် ဒေါက်တာဦးကိုကိုကြီး၊ ဖုန်း–၀၉၂၀၀၁၂၀၇၊ ဒေါက်တာဦးတင်မင်း ဖုန်း–၀၁–၂၀၀၈၀၇၊ ၀၁–၂၉၁၁၁၉သို့ဆက်သွယ်၍ စာရင်းပေးနိုင်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ။

သားလေး"လရောင်မြစ်"(ခ)မောင်မင်းသိန်းကြိုင် အတွက် မွေးနေ့ဆုမွန်လွှာ

သားလေး **"လရောင်မြစ်" (ခ) မောင်မင်းသိန်းကြိုင်**၏ ၂၀-၁-၂၀၀၄ နေ့တွင် ကျရောက်သော **"နှစ်နှစ်ပြည့်"**မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်တိုင်အောင် ကျန်းမာအေးကင်း၊ သောကရှင်းကာ လိုတိုင်းပြီးပြည့်စုံ၍ ပညာထူးချွန်ပြီး မြင့်မြတ်ကောင်းမွန်သော သားကောင်း ရတနာလေးဖြစ်ပါစေ–––။

ချစ်ဘိုးဘိုး–ဘွားဘွား – ဦးစံမြင့်–ဒေါ်တင်တင်နွဲ့
ဦးရန်အောင်သန့်ဇင်–ဒေါ်ကြည်ကြည်ညွှန့်
ချစ်ဖေဖေ–ချစ်မေမေ – ဦးသန်းထိုက်ဦး–မဇင်ငုဝါအောင်
ချစ်ဦးဦး–ချစ်တီလေး – ကိုသန့်ဇော်ဦး–မတင်ပပဟိန်း
ကိုထင်လင်းအောင်–မဇင်ယင်းမာအောင်။

DESIGN SPAZIO (SINGAPORE), a joint venture with DOMUS ACADEMY (ITALY), is having a workshop on Industrial Design.To find out more about Industrial Design and Further your Study at DESIGN SPAZIO (SINGAPORE), come and meet our representatives at the following seminar.

Venue : Traders Hotel (YANGON)
Date : 24th Jan 2004(Saturday)
Time : 09:00 to 11:00





တစ်နှစ်မြောက်မွေးနေ့ဆုမွန်

(၂၃-၁-၂၀၀၄)တွင်ကျရောက်
သော သမီးလေး **ဖူးပွင့်သူ**အတွက်
ရက်မြတ်မင်္ဂလာ
ကျရောက်လာ
နှစ်တစ်ရာခိုင်မြဲ
မယိုင်လဲ
သမီးလေးရဲ့မွေးနေ့ပွဲ။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား
ဖေဖေ – ဦးကျော်သူလင်း၊
မေမေ – ဒေါ်ဥမ္မာမော်။



စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

M
M M G
G

မောင်မောင်ကြီးဆောက်လုပ်ရေးကုမ္ပဏီ

Yangon River View Tower



❖ Generator
❖ V-Pile Foundation
❖ Car Parking
❖ PABX တယ်လီဖုန်း
❖ Transformer
❖ Standard Room Type
❖ Ready mixed concrete

Ground Floor & First Floor -Office, Company, Show Room, Super Market, Restaurant, Sale Centre

မောင်မောင်ကြီးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

MIT

MPEC

Web Application Development (level-1)
-HTML 4,JavaScript
-Graphic Fundamentals,Dream Weaver

Date : 26th January, 2004
Time : Mon, Wed, Fri (3:00 to 5:00 PM)
** 21.1.04 မှ 27.1.04 ICT week အတွင်းသင်တန်းအပ်နှံသူများအား ၂၅%Discount ပေးမည်ဖြစ်ပါသည်။**
ဆက်သွယ်ရန်– အခန်း–၁၊ ပဒုမ္မာကွင်း၊ဗားကရာလမ်း၊စမ်းချောင်း။
Ph: 502801, 505278, 539151, 668779, 668259

ထွက်ပါပြီ

J.J ENTERTAINMENT CITY

အထူးဖျော်ဖြေမှု အစီအစဉ်

NIGHTINGALE BAND

ဂရေဟမ်၊ မာရစ္ဆ၊ တင်ဇာမော်၊ ရွှေထိုက်၊ ခင်ဘုရား

" မြူးကြွဆန်းသစ်လှပသော D J အစီအစဉ်"

အချိန် ၂၃.၁.၂၀၀၄ (သောကြာနေ့) ည (၈:၃၀)နာရီ
နေရာ JJ ENTERTEINMENT HALL
(မင်္ဂလာမွန်ဈေး ကျော့ကွယ်)၊ မင်္ဂလာဈေးဝင်းအတွင်း။
Phone: 728203

လွမ်းဆွတ်တမ်းတသတိရခြင်း

ဒေါ်ပြုံးကြည် အသက်(၆၁)နှစ်

B.Ed (အထပြ၊ ငြိမ်း) ပြွန်တန်ဆာမြို့

ကွယ်လွန်ခဲ့သည်မှာ ၂၀-၁-၂၀၀၄ရက်နေ့တွင် တစ်လပြည့်ပြီဖြစ်သော်လည်း အမြဲတမ်း လွမ်းဆွတ်တမ်းတ သတိရလျက်ရှိပါသည်။ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ခင်ပွန်း–ဦးလှမြင့် (သီရိရတနာရွှေဆိုင်)
ချစ်သမီး–မသီရိရတနာမြင့်။

လွမ်းဆွတ်သတိရခြင်း

ဒေါ်ရှုလွမ် (ရေကျော်)

အချစ်ရဆုံးအစ်မကြီး ဒေါ်ရှုလွမ်(ရေကျော်)၊ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၂၀-၁-၂၀၀၄ရက်တွင် လေးနှစ်တိတိရှိပါပြီ။ ယနေ့တိုင် မမေ့နိုင်သေးပါ။ အစ်မကြီးအတွက်ရည်စူး၍ ကောင်းမှုကုသိုလ်များကို စဉ်ဆက်မပြတ် လုပ်ပေးလျက်ရှိပါတယ်။ အစ်မကြီးရောက်ရာဘုံဘဝမှ ဝမ်းမြောက်၊ ဝမ်းသာ သာဓု အကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေသော်(ဝ်)။

မောင်ကြည်ဆိုင်နှင့် ညီအစ်ကိုမောင်နှမများ
ရေကျော်၊ ပုဇွန်တောင်။

၂၃.၁.၂၀၀၄

သမ္မတ ဖုန်း - ၂၄၆၉၈၂၊ ၂၄၆၉၈၃
သွင် ဖုန်း - ၇၂၈၇၃၃၊ ၇၂၂၈၂၂
မင်္ဂလာ ဖုန်း - ၂၄၃၀၅၇၊ ၂၄၃၀၅၇

မန္တလေး ဝင်းလိုက် ၊ မြို့မ
တောင်ကြီး ဧမ္ဘူလ ၊ မြသုခ
တစ်ပြိုင်တည်း ပြမည်

ဒါရိုက်တာ ခင်မောင်ဦး စိုးသိမ်းထွဋ်

တစ်ပတ်စာ
ကြိုတင်လက်မှတ်
ရောင်းချနေပါပြီ။

ဦးမောင်ချမ်း(ခ)ဦးချမ်းနား (ထန်းတပင်) (၉၃)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (မြင်သာ)၊ ၁၄/၃ရပ်ကွက်၊ ဆပ်သွားဖူးလမ်း၊ အမှတ်–၄၉/၂နေ (ဒေါ်ကြင်နု)၏ခင်ပွန်း၊ မောင်မျိုးသိန်း၊ မသက်လင်းဖြူ(Sakura residence၊ မောင်ကိုကိုဝင်း၊ မောင်မောင်ဖြိုး၊ မတူးတူးလင်း [ဆေး–၁၊ နောက်ဆုံးနှစ်အပိုင်း(က)]၊ မောင်နိုင်စည်သူ၊ မမွန်မွန်ဦး၊ မအိအိလင်း (ထ–၂၊ ဗဟန်း၊ IX-S)၊ မောင်ဖြိုးမြင့်ဇင်(ထ–၁၊ လမ်းမတော်၊ VIII-A)၊ မဆုမြတ်ဖြိုးဟန်(ထ–၂၊ လှိုင်VIIA)၊ မောင်သန်းထိုက်ဇော်(ထ–၂၊ ဗဟန်း၊ VII-A)၊ မဆုဝင်းစိုးစံ (အမက–၂၆၊ လှိုင်)၊ မမေသဇင်မြင့်တို့၏အဘိုးသည် ၁၇-၁-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁၂:၃၀တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီခွဲတွင် ထွက်ခွာမည်)။ကျန်ရစ်သူမြေးတစ်စု။

ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ လမ်းဒါယိကာမကြီး

တေဇစက္ကီယောဂီ ဒေါ်မြရီ (၇၈)နှစ်

ရန်ကုန်မြို့၊ (၈)မိုင်၊ တေဇစက္ကီဝိပဿနာကျောင်းတိုက်၊ ဇရပ်အမှတ်(၁၀၂)နေ (ဦးဘိုးပု–ဒေါ်စောတင်)တို့၏သမီးကြီး၊ (ဦးတိုး(ခ)ဦးအုန်း)၏ဇနီး၊ ဦးထွန်းရီ (အင်/ယာမှူးကြီး၊ ဆောက်လုပ်ရေး)–ဒေါ်စန်းစန်းကြည်တို့၏မွေးသမိခင်၊ (ဦးမောင်လေး–ဒေါ်မြကြည်) (ရခိုင်သဇင်ခြံ)၊ (ဦးကျော်သောင်း)–ဒေါ်ခင်မြင့် (သောင်းထိုက်ပရိဘောဂ)၊ (ဦးကျော်သန်း)–ဒေါ်စန်းစန်းမြင့် (နီလာကဖီး)၊ ဦးဖေအောင်–ဒေါ်တိုးစိန် (မင်္ဂလာဈေး)၊ (ဦးသောင်းရွှေ)–ဒေါ်ရင်ရင်တို့၏အစ်မကြီး၊ မြေး(၄)ယောက်တို့၏အဘွားသည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့) နံနက် (၂:၁၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၁-၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ (၂:၀၀)နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(တေဇစက္ကီကျောင်းတိုက်မှကားများ မွန်းလွဲ (၁:၁၀)နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ကြင်နု (၇၄)နှစ်

လှိုင်းဘုန်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ (၁၂)လုံးတန်း၊ တိုက်အမှတ်(၂၁၄)၊ အခန်း(၂၂)နေ မောင်ဝေလင်းဦး၊ မောင်စောရန်နောင်၊ မချိုမာလွင် (ကျိုက်လုံကုမ္ပဏီ)၊ ကိုတင်ဝင်းဆွေ(မော်စီ)–မဇင်မာလွင်(ငယ်ငယ်)၊ ကိုရန်နောင်လွင် (MYINT & ASSOCIATES)–မဆိုင်းမိုင်၊ ကားလို့စ်ဖလိုစ်– မယဉ်သွယ်သွယ်မျိုး၊ မောင်မျိုးသော်ထက်၊ မလတ်အိအိသွယ်၊ မောင်စိုးမိုးနိုင် (Sedona Hotel)၊ မောင်ထက်နိုင်ထူး (VII-A အလက–၅၊ ရန်ကင်း)၊ မအင်ကြင်းပွင့်(VII-A၊ အလက–၅၊ ရန်ကင်း၊ မဆုမြတ်သူ(IA၊ အထက–၂၊ ကြည့်မြင်တိုင်)၊ မြမူးမိုတို့၏အဘွား၊ ပန်းနုနောင်(ဖွေးဖွေး)(အလက–၅၊ ရန်ကင်း)၊ အိမ့်ဆည်းလည်းဆွေ(ရဲရဲ) (အလက–၄၊ ရန်ကင်း)၊ Amalia၊ မေမျိုး Flores တို့၏ဘွားဘွားကြီးသည် ၁၈-၁-၂၀၀၄ (တနင်္ဂနွေ)နံနက် ၃:၄၀နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄(အင်္ဂါနေ့)နံနက်၁၁နာရီတွင် ရေဆေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတိတိ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ရီရီမြင့် (၆၁)နှစ်
(Lily Lim) B.Com., R.A., D.S.
ယခင်ပန်းဘဲတန်းကုန်သွယ်ရေး၊ ထုပ်ပိုးကုန်သွယ်ရေး
စက်မှု(၁)

(ဦးကြီးမြင့်-ဒေါ်ညွန့်ရီ)တို့၏တစ်ဦးတည်းသောသမီး၊ Australia နိုင်ငံ၊ Sydneyမြို့နေ ဦးသန်းလွင်(မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း)၏ ချစ်လှစွာသော ဇနီး၊ Edward Tanza-မခင်အေးလွင်၊ Peter Lwinနှင့် Cynthia Lwinတို့၏ မွေးသမိခင်၊ Jason Tanza နှင့် Mathew Yanzaတို့၏ အဘွား၊ ဦးလှမြင့်(ခ) Charlie Limတို့၏ညီမ၊ ဦးမောင်မောင်စိုး၊ ဒေါ်အုန်းကြည်တို့၏အစ်မ၊ မဥမ္မာစိုး၊ မစန္ဒာစိုးတို့၏အဒေါ်သည် ၁၁-၁-၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂း၁၀နာရီတွင် Sydney မြို့၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်တင်မြ(ခ)ဒေါ်မြမြ (၅၈)နှစ်
ကျန်းမာရေးဝန်ကြီးဌာန(ငြိမ်း)

ကမာရွတ်မြို့နယ်၊(၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၇၃)နေ(ဦးအုန်းမြင့်-ဒေါ်သန်းတင်)တို့၏ သမီး၊ ဦးဌေးအောင်(နယ်စပ်စည်ပင်၊ ငြိမ်း)-ဒေါ်တင်တင်မြင့်(စီးပွား/ကူးသန်းဝန်ကြီးဌာန)တို့၏ ညီမ၊ ဦးမြင့်သူ(မြို့ရွာ/အိုးအိမ်) - ဒေါ်လဲ့လဲ့ရှိန်(မြို့ရွာ/အိုးအိမ်)၊ ဦးကျော်နိုင် (မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း၊ ဇဝရက် ဗီဒီယိုရိုက်ကူးရေး) - ဒေါ်လှဝင်းစိန်၊ ဒေါ်ဝင်းဝင်းမြင့်(ဈေးငွေကြီးကြပ်ဌာန-မစဘရုံးချုပ်)၊ ဦးမြင့်အောင်(လမ်း/တံတား၊ မြို့တော်စည်ပင်)-ဒေါ်ဇင်မင်းထိုက်၊ဦးရွှေစင်-ဒေါ်လှလှမြင့်၊ ဒေါ်လဲ့လဲ့မြင့်(ဇဝရက်ဗီဒီယို ရိုက်ကူးရေး)တို့၏ အစ်မ၊ မသဇင်ဝင်း(Myanmar Travel Ltd.)၊ မငုဝါဝင်း(Gulliver Travels & Tours)တို့၏ ချစ်လှစွာသောမိခင်သည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၀-၁-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

မခင်ဖြိုးကြည် (၁၉)နှစ်
အထက(၄)၊ ဗိုလ်တထောင်ကျောင်းသူဟောင်း
ကွမ်းခြံကုန်း
ဒုတိယနှစ်(ဝါဏိဇ္ဇဗေဒ)၊ စီးပွားရေးတက္ကသိုလ်
Diploma in Informatiom System
NANYANG INSTITUTE OF MANAGEMENT
SINGAPORE

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(ဘီ-၁)၊ ဝန်ထမ်းအိမ်ရာ (ရန်ကုန်-သန်လျင်တံတား)နေ ဦးကျော်စိုး(အကြီးတန်းလိုင်စင် အင်/ယာ၊ ATG Construction Team)၊ဒေါ်ကြည်ဝင်း(အငယ်တန်း၊ အင်/ယာ-၂၊ တံတား အထူးအဖွဲ့-၁၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ဒုတိယသမီး၊ မမြတ်သက်ဝေ (တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်၊ရွာသာကြီး)၏ညီမ၊ မမြတ်ထက်မွန် (အဌမတန်း-G)၊ မချစ်ထွေးသော်(ပဥ္စမတန်း-ဂ၊အထက-၂၊လသာ)တို့၏ အစ်မ မခင်ဖြိုးကြည်သည် စင်ကာပူနိုင်ငံတွင် ၁၈-၁-၂၀၀၄ရက် နံနက်၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အားအသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးစောမောင် (၈၄)နှစ်
မန်နေဂျာ(ငြိမ်း)၊လူမှုဖူလုံရေးအဖွဲ့ရုံး
(ပျဉ်းမနား)

ပျဉ်းမနားမြို့၊ ရွာကောက်နေ (ဦးအံ့-ဒေါ်သန်းမေ)တို့၏သား၊(ဦးကျော်စိန်)၊ (ဗိုလ်မှူးကြီး အုန်းဖေ)-ဒေါ်ညွန့်ညွန့်၊ (ဒေါ်ခင်စိန်)၊(ဒေါ်မြသိန်း)၊ဒေါ်ကြည်ကြည်၊ (ဒေါ်အုန်းစိန်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တိုက်(၂၁၈)၊ အခန်း(၈)၊ ရန်ကင်း၊(၁၂)လုံးတန်းနေ (ဒေါ်လှကြည်အလက-၅ ရန်ကင်း)၏ခင်ပွန်း၊ ကိုသန့်ဇင်(P.M.G. Co Ltd)-မန္တယ်နိုဝင်း (F.M.I City) တို့၏ ဖခင်သည် ၁၈-၁-၂၀၀၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၂၀-၁-၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(၁၂-လုံးတန်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)
မခင်ဖြိုးကြည်(၁၉)နှစ်
အထက(၄)၊
ဗိုလ်တထောင်ကျောင်းသူဟောင်း
ကွမ်းခြံကုန်း
ဒုတိယနှစ်(ဝါဏိဇ္ဇဗေဒ)
စီးပွားရေးတက္ကသိုလ်
Diploma in Information System
NANYANG INSTITUTE OF MANAGEMENT SINGAPORE

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(ဘီ-၁)၊ ဝန်ထမ်းအိမ်ရာ (ရန်ကုန် - သန်လျင်တံတား)နေ ဦးကျော်စိုး (အကြီးတန်းလိုင်စင် အင်/ယာ၊ ATG Construction Team)၊ ဒေါ်ကြည်ဝင်း (အငယ်တန်း၊ အင်/ယာ-၂၊တံတားအထူးအဖွဲ့-၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) တို့၏ ဒုတိယသမီး၊ မမြတ်သက်ဝေ (တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး)၏ ညီမ၊ မမြတ်ထက်မွန်(အဌမတန်း-G)၊ မချစ်ထွေးသော် (ပဥ္စမတန်း-ဂ၊ အထက-၂၊လသာ) တို့၏ အစ်မ မခင်ဖြိုးကြည်သည် စင်ကာပူနိုင်ငံတွင် ၁၈-၁-၂၀၀၄ရက် နံနက်၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

(ကားများရန်ကုန်ပြည်သူ့ ဆေးရုံကြီးအအေးခန်းမှ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်ငွေသီး (၆၆)နှစ်
(မကွေး)

မကွေးမြို့၊ ကန်သာ(ဘီ)၊ တိုးချဲ့ရပ်၊ တောင်တွင်းလမ်း၊ အမှတ်(၃၉)နေ (ဦးသိန်းအောင်)၏ ဇနီး၊ ဒေါ်ခင်သန်းရီ၊ ဒုတိယဗိုလ်မှူးကြီးတောက်ထွန်း၊ ဦးသက်ထွန်း၊ ဒေါ်အေးအေးရီ၊ ဦးကျော်ထွန်း၊ ဗိုလ်ကြီးမိုးထွန်း၊ ဦးအောင်ထွန်း၊ ဦးခိုင်ထွန်းတို့၏ မွေးသမိခင် ဒေါ်ငွေသီးသည် ၁၈-၁-၂၀၀၄ရက် နံနက်၁နာရီတွင် ကွယ်လွန်သွားပါ၍ ညနေ၆နာရီတွင် မကွေးသုသာန်၌ သင်္ဂြိုဟ်ပြီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ
ဦးခိုင်ဇော် (၄၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၃၃)နေ ဗိုလ်မှူးအောင်သန်း(အငြိမ်းစား)-(ဒေါ်အုန်းမြင့်)တို့၏ သားကြီး၊ (ဦးထွန်းကြည်-ဒေါ်စန်းမြင့်)တို့၏ သားသမက်၊ ဒေါ်မာလာထွန်း၏ ခင်ပွန်း၊ မောင်ကျော်ကျော်ခိုင်၏ ဖခင်၊ ကိုခိုင်မော်၊ ကိုတင်ထွဋ်၊ ဒေါ်ရင်ရင်အောင်-ဦးကိုလေး၊ ဒေါ်ချိုချိုအောင်-ဦးအောင်မြင့်၊ ကိုခိုင်ကျော်၊ ကိုအေးဝင်းအောင်၊ မနီနီအောင်-ဦးဇော်လင်းအောင်၊ မယုလေးအောင်-ကိုရဲမြတ်အောင်၊ မမြတ်စုအောင်-မောင်ရန်နိုင်ဝင်းတို့၏ အစ်ကိုကြီး၊ တူ၊ တူမကိုးယောက်တို့၏ ဦးလေး ဦးခိုင်ဇော်သည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့) ၉း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်(၃၉)နှစ်
(အုန်းတောဆင်မလိုက်)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၈၇)၊ အခန်းအမှတ်(၀၀၁)နေ (ဦးစံမြင့်)-ဒေါ်တွတ်တို့၏ သား၊ ဦးစိုးမြင့်-(ဒေါ်အုန်းရီ)တို့၏ သမက်၊ ဦးမြင့်အောင်-ဒေါ်သန်းသန်းအေးတို့၏ မောင်၊ မောင်ထက်အောင်ခိုင်၊ မောင်တင်ထွဋ်အောင်တို့၏ ဦးလေး၊ မဆွေဇင်ဝင်း၊ မောင်အောင်ကျော်ဇင်၊ မခိုင်သဥ္ဇာပိုမိုတို့၏ မွေးဖခင်၊ မမိမိမော်၏ခင်ပွန်းသည် ၁၆-၁-၂၀၀၄(သောကြာနေ့)တွင်ကွယ်လွန်ပါ၍ ၂၀-၁-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ရှုအိမ်(ခ)ဒေါ်ကောက်ပို့
အသက်(၈၀)
(မြင်းခြံ)

မြင်းခြံမြို့၊ (၈/၄၂)၊ (၁၄)လမ်းနေ (ဦးကိဝိုင်)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်တီ၊ မော်ကျွန်းမြို့နေ ဦးသန်းလွင်-ဒေါ်တင်တင်မြင့်၊ မြင်းခြံမြို့နေ ဦးရှောက်ကီ-ဒေါ်ခင်သီတာ၊ ဒေါ်တင်တင်ဝင်း၊ (ဦးခင်မောင်ဆွေ)-ဒေါ်ခင်မေလွင်၊ ဦးခင်မောင်စန်း၊ (ဦးစိုးမိုး)၊ ဦးစိုင်အေး(ဦးစီးအရာရှိ၊ ထွေ/အုပ်၊ ရန်ကုန်တိုင်း)-ဒေါက်တာဒေါ်တင်တင်ရီ(ပြည်သူ့ဆေးရုံ၊ တာချီလိတ်)၊ ဒေါ်ဝင်းဝင်းမြင့်တို့၏ မွေးသမိခင်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၁၈-၁-၂၀၀၄ရက် မွန်းလွဲ ၁း၄၅နာရီတွင် တာချီလိတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် တာချီလိတ်မြို့မ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်အေး (၇၆)နှစ်
(ဝါးခယ်မ၊ မြောင်းမြ)

ရန်ကုန်တိုင်း၊ မြောက်ဒဂုံ၊ (၄၉)ရပ်ကွက်၊ဘုရင့်နောင်လမ်း၊ အမှတ်(၃၂၄)နေ (ဦးသာဦး-ဒေါ်ငွေသင်)တို့၏ သမီး၊ (ဦးဆင်ပေါက်)၏ ဇနီး၊ ဦးဟုန်စိန်-ဒေါ်ခင်သန်း၊ ဦးတုံစိန်-ဒေါ်ကြူကြူ၊ ဦးယုရှိန်-ဒေါ်သိမ်းသိမ်း၊ ဦးလျှံစိန်၊ ဦးလျှံဟုတ်-(ဒေါ်မိုးမိုး)၊ ဦးတင့်လွင်-ဒေါ်မြင့်မြင့်ခင်၊ ဒေါ်နိုင်နိုင်ကြူ၊ ဦးသန့်ဇင်၊ ဦးမြင့်နိုင်-ဒေါ်ရီရီဝင်း၊ ဦးသန့်နိုင်-ဒေါ်ဝင်းဝင်းစိုးတို့၏ မွေးသမိခင်၊ မြေး၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၉-၁-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ထားဝယ် ချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်ဒါယိကာမကြီး
ဒေါ်သန်းညွန့် (၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၆)၊ (၁၄)လမ်းနေ (ဦးဇင်-ဒေါ်သဲဝါ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမောင်စိန်-ဒေါ်စိန်တင့်)တို့၏ သမီးချွေးမ၊ (ဦးဘဆွေ)-ဒေါ်အေးမြင့်၊ ဦးလှကြည်-ဒေါ်အုန်းမြိုင်၊ ဦးလှိုင်-ဒေါ်မြမြဆင့်တို့၏ အစ်မကြီး၊ (ဦးမောင်ရ)၏ ဇနီး၊ဦးကိုကို-ဒေါ်လှလှကြည်တို့၏မိခင်၊ မောင်မြတ်ကျော်သူ - မသိမ့်သိမ့်ဦး၊ မခင်မျိုးဝင်း၊ မယမင်းကို၊ မလဲ့မွန်ထွေးတို့၏ အဘွား၊ မောင်ဇေယျာကျော်၏ ဘွားဘွားကြီးသည် ၁၉-၁-၂၀၀၄ (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးနိုင်အောင်လင်း(ခ)ဘိုးဇီဝ
အသက်(၃၉)နှစ်

တိုက်(၁၀၇)၊ အခန်း(၅/၆/A)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဗိုလ်ခင်မောင်ကလေး - ဒေါ်သိန်းနု)၊ (ဦးကျော်ငွေ-ဒေါ်တင်တင်)တို့၏ မြေး၊ ဦးဖိုးသိကြား၊ (ဒေါ်လီလီကျော်ငွေ)၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်သောနထေရီတို့၏ သား၊ ဒေါ်သီတာလှမြင့် (နည်းပြ၊မြန်မာစာဌာန၊ဒဂုံတက္ကသိုလ်)၏ ခင်ပွန်း၊ မစုစံ(IX-C'အထက-၁၊ ဒဂုံ)၏ ဖခင်၊ဦးဘိုးမင်္ဂလာ၊ဦးဝင်းအောင်-ဒေါ်သက်နှင်း (F.I.S.C Fellowship Initiative School of Care)၏ ချစ်လှစွာသော တူသားကြီး၊ (ဦးကျော်စွာလှမြင့်)၊ ဦးအောင်ခိုင်သိန်း-ဒေါ်ဖြိုးပွင့်ပွင့်ကျော်၊ ဦးဘိုးဇနက(Chief Specialist-Ship Satellite)၊ ဒေါ်ဝိုင်းဝင်းအောင်(F.I.S.C Fellowship Initiative School of Care)၊ မောင်ဇာဏီအောင်(ပထမနှစ်၊ ကွန်ပျူတာတက္ကသိုလ်)တို့၏အစ်ကိုကြီး၊ မောင်ကောင်းစေသော်၊ မသက်ပြည့်စုံတို့၏ ဘကြီးသည် ၁၉-၁-၂၀၀၄ (တနင်္လာနေ့)နံနက်၁၁နာရီတွင်ဇဟိုစည် ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင် သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်ကျော်ဦး(၂၅)နှစ်
အထက-၁၊ ကျောက်ဆည်
ကျောင်းသားဟောင်း

ကျောက်ဆည်မြို့၊ ဆူးကုန်းရပ် မြောက်ပိုင်း၊ နှင်းဆီလမ်း၊ အမှတ်(၇)နေ ဦးစိုးလွင်၊ဒေါ်ပဲပဲတို့၏ သားကြီး၊ မအိအိလွင်၏အစ်ကိုသည်၁၈-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကျောက်ဆည်မြို့၌ ကွယ်လွန်ပါ၍ ၂၀-၁-၂၀၀၄ရက် ညနေ ၃နာရီတွင်အထက်ပါနေအိမ်မှကျောက်ဆည် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဒေါ်တင်အေး (၆၈)နှစ်
ဆရာမ၊ အလပြ (ငြိမ်း)
(ပေါက်-ပခုက္ကူ)

ပေါက်မြို့နေ (ဦးဘိကြံ-ဒေါ်သိန်းတင်)တို့၏ သမီးကြီး၊ ဦးအောင်ကျော်ဖံ (ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အလက-၃၊ ပခုက္ကူ)၏ဇနီး၊ ဗိုလ်မှူးဟန်မင်းအောင်-ဒေါ်မီမီထွန်း၊ ကိုညွန့်ဝင်းအောင်၊ ဒေါ်နီနီခင်၊ မမေသက်အောင် (သုနာပြုသင်တန်းကျောင်း) ပခုက္ကူမြို့တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်ညိုလေး၊ ဦးခင်မောင်တိုး၊ ဒေါ်မြင့်မြင့်သိန်းတို့၏ အစ်မ၊ မောင်ထင်အောင်ကို၊ မောင်နိုင်ဦးကျော်၊ မောင်ဖိုးချမ်း၊ မောင်ဝေဖြိုးတို့၏ ဘွားဘွားကြီးသည် ၁၇-၁-၂၀၀၄ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ပခုက္ကူမြို့သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးမန်ကလာယော်(၆၄)နှစ်
(မြစ်ကြီးနား)

မြစ်ကြီးနားမြို့၊ ဇီးလွန်ရပ်ကွက်၊ အမှတ်(၆)နေ ဒေါ်ထရေဇာလဇိန်ယောင်၏ ခင်ပွန်း၊ မမိုရင်းခေါန်တောင်-ကိုဖီးလစ်ကောင်းအောင်စိုးနိုင်၊ မလုဘူ-ကိုကျော်ခိုင်မိုး၊ ကိုဂွမ်ဖန်းဂမ်-မခေါန်နူး၊ (မောင်နောင်လွန်)၊ မောင်လဒွဲ၊ မောင်တူးဂျာ-မခါးအိန်တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် မြစ်ကြီးနားမြို့ ရာဒါကောင်း ခရစ်ယာန်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

မောင်ရဲဝင်းပို(ခ)ဖိုးမဲ
အသက်(၂၆)နှစ်
B.A (Myanmar)
Ginnacle Import & Export Pte, Ltd

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နေ ဦးမြင့်အောင် (ထွေ/ဂျာ၊ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်တင်ညွန့်တို့၏ မြေး၊ ၃၄/၁၁၄၇၊ သင်းဝင်လမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေဦးချိန်ပို(လ/ထ မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ညိုလှိုင်(လ/ထ မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ ချစ်လှစွာသော သား၊ မကျော့ကျော့ပို၏ ချစ်လှစွာသောမောင်၊ ရွှေပြည်သာမြို့နေ ဦးလှဝင်း(နေ-လ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)-ဒေါ်ဒေါ်ဆင့်တို့၏ သားသမက်၊ ကိုကံမြင့်ဦး-မဇင်မာမြင့်တို့၏ ညီ၊ မအိအိသင်း၏ခင်ပွန်း၊ ဦးတင်ထွန်း-ဒေါ်သစ်သစ်၊ ဦးမေတ္တာအောင်-Mrs. Nan၊Mr.Bob Steber - ဒေါ်စန္ဒာအောင် (Ginnacle Import & Export Pte, Ltd.)၊ဦးလွင်အောင်(Ginnacle Import & Export Pte, Ltd.)-Mrs. YamamotoKinuyo၊ဒေါ်မာလာအောင်တို့၏တူသည် ၁၉-၁-၂၀၀၄ရက် နံနက် ၅း၂၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ရဲဝင်းပို(ခ)ဖိုးမဲ
အသက်(၂၆)နှစ်
B.A (Myanmar)
Ginnacle Import & Export Pte, Ltd

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နေ ဦးမြင့်အောင် (ထွေ/ဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်တင်ညွန့်တို့၏ မြေး၊ ၃၄/၁၁၄၇၊ သင်းဝင်လမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေဦးချိန်ပို(လ/ထ မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ညိုလှိုင် (လ/ထ မန်နေဂျာ၊ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ ချစ်လှစွာသောသား၊ မကျော့ကျော့ပို၏ ချစ်လှစွာသောမောင်၊ ရွှေပြည်သာမြို့နေ ဦးလှဝင်း(နေ-လ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ဒေါ်ဆင့်တို့၏ သားသမက်၊ ကိုကံမြင့်ဦး-မဇင်မာမြင့်တို့၏ ညီ၊ မအိအိသင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးထွန်းစိန်(ငြိမ်း)-(ဒေါ်ခင်စိန်မြင့်)၊ ဦးကျော်သန်း-ဒေါ်စန်းလှမြင့်၊ ဦးစိုးမြင့် (လ/ထ မန်နေဂျာ၊ ကပရ)-ဒေါ်စိန်ဝင်းလှိုင်၊ ဦးကြည်-ဒေါ်ခင်ပိုလှိုင်တို့၏ တူ၊ မစိန်စိန်၊ မောင်သန်းထွဋ်၊ မောင်ရွှေအောင်၊ မခင်မြသိုက်၊ မခင်မာမြင့်၊ မောင်ဆန်းနိုင်ဦး၊ မအိအိခိုင်၊ မမေသန်းနိုင်၊ မောင်ကျော်ကျော်ထွန်း၊ မခိုင်ခိုင်ထွန်း၊မောင်တင့်လင်းထွန်း၊ မကလျာထွန်းတို့၏ ညီ/မောင်သည် ၁၉-၁-၂၀၀၄ရက် နံနက် ၅း၂၀နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ဇရပ်၊သိမ်ဒါယကာကြီး
ဦးမောင်မောင်ခင်(ခ)ဦးကာလူး
အသက်(၇၆)နှစ်
(ဘိလပ်ဆန်ခါဆရာကြီး)
ဦးမောင်မောင်ခင်နှင့်သားများ
ဘိလပ် ဆန်ခါလုပ်ငန်း၊
ရုံးသပြေကန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၅၀) နေ(ဦးစံကူး-ဒေါ်သဲရင်)တို့၏ သား၊ (ဦးထွန်းဖေ-ဒေါ်စောရင်)တို့၏ သားသမက်၊ ဒေါ်ငွေတင်၏ ခင်ပွန်း၊ ဦးဌေးလွင် - (ဒေါ်အေးအေးမြင့်)၊ ဦးစိန်ထွန်း-ဒေါ်ရီရီသိန်း၊ဒေါ်စိန်စိန်မြင့် (အမက-၃၇၊သာကေတ၊ ငြိမ်း)၊ ဦးကျော်ကျော်-ဒေါ်ဥဥခင်၊ ဒေါ်ဘောဘီသန်း(မြန်မာ့လေကြောင်း)၊ ဦးဇော်လင်းဦး-ဒေါ်ဌေးဌေးအောင်၊ဦးသီဟ-ဒေါ်အေးသန္တာစိုးတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင်ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄ (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ
ဦးအုန်းချို(၇၅)နှစ်
(MEPE)ငြိမ်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၀၁)နေ (ဦးတင်မောင်-ဒေါ်အုန်းရင်)တို့၏ သား၊ (ဒေါ်ညွန့်ညွန့်)၏ ခင်ပွန်း၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးသန်းအောင်-ဒေါ်သန်းနု၊ဦးသိန်းထွန်း (MEPE ဗဟန်း၊ ဒဂုံ)-ဒေါ်မြမြဝင်း၊ ဦးအောင်သင်း-ဒေါ်ဆွေဆွေဝင်း၊ ဦးကိုကိုဝင်း-ဒေါ်ပြုံး၊ ဦးကိုကိုနိုင်-ဒေါ်ချိုချိုညွန့်၊ ဦးညီညီအောင်-ဒေါ်သိုသိုဝင်း၊ ဦးကိုကိုအောင် (MEPE ဗဟန်း၊ ဒဂုံ) - ဒေါ်တင်မေဝင်းတို့၏ မွေးသဖခင်၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင်ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဂွန်ခင်မောင်လှ
အသက်(၅၄)နှစ်
ဆ/လရ(ပုံထုတ်-၅)
ဆောက်လုပ်ရေးရုံးချုပ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ စိန်မေရီဝင်း၊ အမှတ်(၉)နေ ဦးမန်းလှသိန်း-ဒေါ်နှင်းညွန့်တို့၏သားကြီး၊ သံတောင်မြို့နေ (ဦးလွန်းဖော်-ဒေါ်နဲဖိုး)တို့၏ သားသမက်၊ နော်မေးရာ၏ ချစ်လှစွာသော ခင်ပွန်း၊ နန့်မေရီအေးသီတာသိန်း (စံပြမူကြို)၊ စ,ဥဘာဏ်မြင့်မောင်၊ နန့်အဲလစ်ဇဘက်လေးနီလာသိန်း၊ နန့်ကက်သရင်းထွေးသူဇာသိန်း (ရှာလကာ)တို့၏ ချစ်လှစွာသောဖခင်၊ ဦးအောင်ညွန့်သိန်း-(နန့်ကျင်သန်း)၊ ဒေါ်နန့်ညွန့်ညွန့်သိန်း (World Vision) - (ဦးစသန်းငွေ)၊ ဒေါ်မဥ္ဇူသိန်း (မေရီချက်ပ်မင်း)၊ ဗိုလ်မှူးစဒေးဗစ်(တပ်မတော်ရေ-ငြိမ်း၊ Pilot)-ဒေါ်ခင်အေးနွယ်၊ ဒေါ်သဇင်ထွေး-Revs Philip အောင်သွင်ဦး၊ တကစောမိုးဇက်(တပ်မတော်-ရေ)-ဒေါ်နော်လဲမတစ်ကျော်ဇံ၊ ဦးဖေသွင်လှ-ဒေါ်သီသီဆွေဦး(ဒေါ်နန လက်ဖက်ပုသိမ်)တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၁ ယောက်တို့၏ဘကြီးသည် ၁၉-၁-၂၀၀၄ရက် ညနေ ၆း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် (၁၃၅) အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိက္ခေလ ဘုရားကျောင်းတွင် ဝတ်ပြုပြီး ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မနန်ဆိုင်းဆန့်
အသက်(၂၀)
သူနာပြုဒီပလိုမာ၊ပထမနှစ်၊မြစ်ကြီးနား

မြစ်ကြီးနားမြို့၊တပ်ကုန်းအရှေ့မြောက်ရပ်ကွက်နေဦးလရိန်-ဒေါ်ကော့ရော်တို့၏ ချစ်လှစွာသောသမီးဦး ၊မဘောက်ဆိုင်းပန်မြဲဆိုင်းလိုင်၊ မောင်ဆွတ်ရိန်အောင်တို့၏အစ်မ မနန်ဆိုင်းဆန့်သည် ၁၂-၁-၂၀၀၄(တနင်္လာနေ့) ည ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၄-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက်တွင် မြစ်ကြီးနားမြို့၊ရာဒါကောင်း ခရစ်ယာန်သချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဥတ္တမ
သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်
(စန်းကျောင်း-သဲကုန်းမြို့)

ပဲခူးတိုင်း(အနောက်ပိုင်း)၊ပြည်ခရိုင်သဲကုန်းမြို့နယ်၊ သဲကုန်းမြို့၊ ရပ်ကွက်(၄)၊ စန်းကျောင်း ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ဥတ္တမသည် (၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော်၁၁ရက်) ၁၇-၁-၂၀၀၄ ရက်(စနေနေ့) နံနက် ၉း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို၁၃၆၅ခုနှစ်တပို့တွဲလဆန်း ၁ရက်၂၂-၁-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေး၊ ရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။သဲကုန်းမြို့။

Mrs. M.P Game
အသက်(၈၃)နှစ်

ပြင်ဦးလွင်မြို့သစ်၊ တောလမ်းသွယ်၊ အမှတ်(၁၃၇-ဘီ)၊ ဂန္ဓာမာခြံနေ Dr. B.P Game ၏ ချစ်လှစွာသောဇနီး၊Christina Game၏ မိခင်၊ Pamela နှင့် Philip (သြစကြေးလျ)တို့၏ အဒေါ် Mrs. M.P Game (Nee Lewis) သည် ၁၅-၁-၂၀၀၄ (ကြာသပတေးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၁-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် စိန်မေရီကာသိုလစ် အသင်းတော်မှ ပြင်ဦးလွင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေများအားအသိပေးအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဦးမြင့်သိန်း(၇၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅၉)၊ ဘိုကလေးဈေးလမ်းနေ ဒေါ်ရီရီမြင့်၏ ခင်ပွန်း၊ ဒေါ်ခင်စန်းယု (အထက-၅၊ ဗိုလ်တထောင်)၊ ဦးညိုဝင်းသိန်း-ဒေါ်ဝါဝါဝင်းရွှေ၊ ဦးတင်မောင်စိုး-ဒေါ်မေသက်နွယ်၊ ဒေါ်ခိုင်ခိုင်သိန်း၊ ဦးဇော်ဝင်းသိန်းတို့၏ ဖခင်၊ မောင်ဟိန်းထွဋ်ဦး၊ မောင်ပိုင်စိုးဝင်း(အထက-၅၊ ဗိုလ်တထောင်)၊ မောင်မြတ်သူအောင် (K.G အထက-၅၊ ဗိုလ်တထောင်)၊ မချောသဥ္ဇာစိုးတို့၏ အဘိုးသည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၀၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့် (၆၁)နှစ်
ဥက္ကဋ္ဌ၊
မဟာဗောဓိမြိုင်ဆရာတော်ကြီး၏
သာသနာပြု ရန်ကုန်
သာဟိကာအသင်း
ဒု-ဥက္ကဋ္ဌ တိပိဋကမေ့ရကွိတအဖွဲ့

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၄၂)နေ(ဦးအုံးဖေ-ဒေါ်အုန်းစိန်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးထွန်းတင်-ဒေါ်အေးချို)တို့၏ သားသမက်၊ (ဦးခင်မောင်ကြီး - ဒေါ်တင်တင်အေး)တို့၏ တူ၊ ဒေါ်လှကြည်၊ ဒေါ်အုန်းစိန်တို့၏ ခင်ပွန်း၊ ဦးသက်ဝေ- ဒေါ်ခင်ခင်လေး၊ ဦးဇော်ရင်း-ဒေါ်မေသူ၊ ဦးဇော်မင်း (ဂန္ထဝင်စာပေသောက်ဆိုင်၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးသံဒိုင် (ဂန္ထဝင်)၊ ဦးကျော်ဇာမြင့်၊ ဦးကျော်ဇာထင်-ဒေါ်မြင့်မြင့်စံ၊ ဦးဇော်ဘွန်း၊ ဦးကျော်ဇာဝင်း၊ ဦးကျော်ဇာရှင်း၊ မခင်လေးမွန် (I.R Final ဒဂုံတက္ကသိုလ်)တို့၏ မွေးသဖခင်၊ မဟန်သူသူထက်(အမက-၂၊ ကမာရွတ်)၊ မရှင်းသန့်သန့်ထက်၊ မောင်အောင်ကောင်းစံ၊ မောင်ရှင်းခန့်တို့၏ အဘိုး ဦးကျော်မြင့်သည်၁၈-၁-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည်(၅၇)နှစ်
ပုခက်ဘုရင်မိသားစု
သံသေတ္တာလုပ်ငန်း(ပခုက္ကူ)
စိန်ပီတာကျောင်းသားဟောင်း
(မန္တလေး)

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ အမှတ် ၂၄၊ ၁၁လမ်း၊၈၀x၈၁လမ်းကြားနေ ပခုက္ကူမြို့ (ဦးကွမ်း-ဒေါ်ရှူးဝါး)တို့၏ သား၊ ရေးမြို့နေ ဦးဘင်ဟို့-(ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ကိုသက်ဦး-မစိုးမိုးသူ၊ မောင်အောင်ဇော်ဦး၊မောင်သန့်အောင်လင်း၊ မောင်ဇော်လင်းထက်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မခင်စိုးမိုးသက်၏ အဘိုး၊ ဒေါ်လွှမ်းတီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၀၄ရက် နံနက် ၇နာရီတွင်ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ်(၁၅)၊ ရွှေနှင်းဆီလမ်း(ဦးခင်ကြီး-ဒေါ်ကျော့ရင်) တို့၏ သမီး၊ (ဦးတင်မောင်အေး-မြန်မာ့မီးရထား)၏ ဇနီး၊ ဦးဘစိန်-ဒေါ်သိန်းချစ်တို့၏ အစ်မ၊ ဦးဝင်းကျော်-မတင်မိုးမိုးအေး၊ မတင်မျိုးမျိုးအေး (မြန်မာ့မီးရထား)၊ မတင်စိုးစိုးအေး၊ မတင်တိုးတိုးအေး (မြန်မာ့မီးရထား)၊ မောင်စည်သူမောင်(Unifast Shipping Line)တို့၏ အစ်မ၊ မသီရိဝင်းကျော်၊ မမန်းခင်ခင်ကျော်၊မောင်မန်းကိုကိုကျော်တို့၏အဘွားသည် ၁၉-၁-၂၀၀၄(တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁နာရီ တွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

တိပိဋက-မေ့ရကွိတအဖွဲ့
ဦးကျော်မြင့် (၆၁)နှစ်
တိပိဋက-မေ့ရကွိတအဖွဲ့(ဒုတိယဥက္ကဋ္ဌ)

(ဦးအုန်းဖေ-ဒေါ်အုန်းစိန်) တို့၏ တစ်ဦးတည်းသောသား၊ (ဦးထွန်းတင်-ဒေါ်အေးချို)တို့၏ သားသမက်၊ (ဦးခင်မောင်ကြီး-ဒေါ်တင်တင်အေး)တို့၏ တူ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယား မြိုင်လမ်း၊ အမှတ်(၄၂)နေဒေါ်လှကြည်ဒေါ်အုန်းစိန်တို့၏ ခင်ပွန်း၊ ဦးသက်ဝေ- ဒေါ်ခင်ခင်လေး၊ ဦးဇော်ရင်း၊ ဒေါ်မေသူ၊ ဦးဇော်မင်း၊ ဦးသံဒိုင်၊ ဦးကျော်ဇာမြင့်၊ ဦးကျော်ဇာထင်-ဒေါ်မြင့်မြင့်စံ၊ဦးဇော်ဘွန်း၊ ဦးကျော်ဇာဝင်း၊ ဦးကျော်ဇာရှင်း- မခင်လေးမွန် (I.R Final)တို့၏ ဖခင်သည် ၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁း၃၀နာရီတွင်ကွယ်လွန်ပါ၍ ၂၀-၁-၂၀၀၄ ရက် မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။ အမှုဆောင်အဖွဲ့။
တိပိဋက-မေ့ရကွိတအဖွဲ့။

ကိုသန့်ဇော်(၄၃)နှစ်
(သုဝဏ္ဏ)

သုဝဏ္ဏမြို့၊တိုက်(၄၅)၊အခန်း (၅)နေ (ဦးမြမောင်-ဒေါ်ရီ)တို့၏သား၊ကိုခင်မောင်ရွှေ-မမေလွင်ဦးတို့၏ မောင်၊ (ကိုဇော်နိုင်)၊ ကိုကျော်စိုးလွင်တို့၏ အစ်ကို၊ မောင်မောင်မြင့်မြတ်(ရူပဗေဒ-ပနှစ်၊ဒဂုံတက္ကသိုလ်)၊မမေသင်းရီနှင်း(ခ)နိုနို VII B၊ မမေသင်းရီလင်း(ခ)မိုမို VII B၊ထ-၁၊ဒဂုံ)တို့၏ ဦးလေး ကိုသန့်ဇော်သည် ၁၅-၁-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၆-၁-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးထူးမြင့်စိုး(၃၇)နှစ်
(O.T.S-85)

ရန်ကုန်မြို့၊ တိုက်အမှတ်၂၁၆၊ အခန်း(၉)နေ (ဦးခင်မောင်စိုး-ဒေါ်တင်မြင့်)တို့၏သားထွေး၊ ဦးအောင်သိန်း-ဒေါ်မော်မော်တို့၏သားသမက်၊ ဒေါ်အိအိ အောင်(မြန်မာမေဖလားဝါးဘဏ်)၏ ခင်ပွန်း၊ မအင်ကြင်းမိုး၏ ဖခင်၊ ဦးအောင်မြင့်စိုး-ဒေါ်ဝင်းဝင်းဆွေ (အလက-၂၊တာမွေ)၊ ဦးသန်းလွင်ဦး(ဒု-ဌာနမှူး၊ပတ်/သန့်၊ မြို့တော်စည်ပင်)-ဒေါ်ချိုဇင်စိုး(အထက-၂၊လသာ)၊ ဦးမောင်မောင်အေး(လ/ထ ဌာနမှူး၊ယာ/အုံ၊မြို့တော်စည်ပင်)- ဒေါ်အေးဇင်စိုး(ဥပဒေအကြံပေး၊ မြို့တော်စည်ပင်)၊ ဒေါ်ငြိမ်းဇင်စိုး(နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)၊ ဦးလှုင်မြင့်စိုးတို့၏ ညီ/မောင်သည်၁၇-၁-၂၀၀၄ရက် ည ၇နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

(၅၉)နှစ်မြောက်

တပ်မတော်နေ့ အထိမ်းအမှတ် စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ကျောက်တံတားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ✪

မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချီးမြှင့်ပေးအပ်သော ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာအား ချီးမြှင့်ပေးအပ်စဉ်။ (ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း လိုက်ပါလျက် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒုတိယဝန်ကြီးတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ အထွေထွေမန်နေဂျာ ဦးသက်စိုး၊ ဒုတိယအထွေထွေမန်နေဂျာ (ပုံနှိပ်) ဦးစိန်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဖိုတိုလစ်သိုပုံနှိပ်စက်ရုံမှ ကြိုဆိုကြပြီး စက်ရုံဧည့်ခန်းမ၌ ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်)ဦးစိန်ထွန်းက ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၏ သမိုင်းကြောင်း၊ စက်ရုံအကျယ်အဝန်း၊ စက်ရုံရှိ ပုံနှိပ်စက်များနှင့် စာအုပ်ချုပ်စက်များ အခြေအနေ၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ချုပ်လုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုက်လံပြသ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံအတွင်းရှိ အိုဆာကိုချုပ်စက်ကြီးဌာန၊ ဗလာစာအုပ်ချုပ်စက်ဌာန၊ တိုရှိဘာ ပတ်လည်စက်ဌာနနှင့် Offset Printing Room တို့၌ ကျောင်းသုံး **စာမျက်နှာ ၉ ကော်လံ ၇ သို့** ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ်က ချီးမြှင့်သော ဆုငွေကျပ်တစ်သိန်း အကောင်းဆုံးအားကစားသမားဆုရ ဖြိုးမင်းသာအား ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM) တို့က ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

တက်ရောက်အားပေး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံရုံးအဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co,Ltd) နှင့် အတွင်းရေးမှူး ဒေါက်တာ တင်အောင်လင်း (Aung Mingalar Co,Ltd)၊ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူး တင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ▲

မြန်မာအသင်းမှ ဖြိုးမင်းသာ တစ်ဦးချင်း ပထမဆုနှင့် အကောင်းဆုံးဆု ဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF) နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM) တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပွဲစဉ်၌ ပထမဆုနှင့် ပြိုင်ပွဲ၏ အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာအား ဆုယူအပြီး တွေ့ရစဉ်။ (ကြေးမုံ)